မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်၊ စနေနေ့ အတွဲ (၆၅)၊ အမှတ်(၀၇၄)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

ကျောင်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့် ဆိုင်ရာတာဝန်များ ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ဆက်လက်လေ့ကျင့်ကြိုးပမ်း အားထုတ်သွားကြရန်လို

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ခေတ္တကျောင်းအုပ်ကြီးနှင့် မော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

မိန့်ခွန်းပြောကြား

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင် ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်း ပြောကြားစဉ်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုဈေးဝယ်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

"လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"

ထုတ် ကုန် နှစ် ဆ တိုး မြှင့် ကြ။

၁၂ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၅၃၅ ဂရမ်) ၏ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃ - ၁၂ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၄၉၀	၂၆၀၅	၂၅၇၀	၂၅၈၅	၂၆၁၀	၂၆၂၅	၂၆၄၅	၂၄၆၀	၄၅၀၅	၂၈၅၅	၂၅၈၀	၂၇၉၀	၂၆၅၀	၂၆၁၅	၂၆၃၅	၂၈၉၅
95 Ron	၂၄၄၀	၂၆၂၅	၂၆၂၀	၂၄၇၅	၂၆၆၀	၂၆၀၅	၂၆၀၅	၂၆၁၀	၄၅၆၀	၂၉၀၅	၂၆၃၀	၂၈၀၅	၂၇၀၀	၂၆၆၅	၂၆၉၀	၂၉၄၅
HSD (500 ppm)	၂၂၄၅	၂၄၆၀	၂၄၂၅	၂၂၆၀	၂၄၆၅	၂၄၈၀	၂၄၀၀	၂၄၁၅	-	၂၆၁၀	၂၄၃၅	၂၄၅၅	၂၄၀၅	၂၄၇၀	၂၄၉၀	၂၆၅၀
HSD (50 ppm)	၂၆၀၅	၂၈၀၀	၂၇၆၅	၂၇၀၀	၂၈၀၅	၂၈၂၀	၂၈၃၅	၂၇၅၅	၄၈၃၀	၃၀၅၀	၂၇၇၅	၂၇၆၅	၂၈၀၅	၂၈၀၀	၂၈၃၀	၃၀၃၀
HSD (10 ppm)	၂၆၀၅	၂၈၀၀	၂၇၆၅	၂၇၀၀	၂၈၀၅	၂၈၂၀	၂၈၃၅	၂၇၅၅	-	၃၀၅၀	၂၇၇၅	၂၇၆၅	၂၈၀၅	၂၈၀၀	၂၈၃၀	၃၀၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၃၃၅	၂၄၁၅
95 Ron	၂၃၈၄	၂၄၆၅
HSD (500 ppm)	၂၀၉၈	၂၁၇၀
HSD (50 ppm)	၂၆၂၂	၂၆၀၂
HSD (10 ppm)	၂၆၂၂	၂၆၀၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇
၀၆၇- ၄၁၁၂၈၂ ၀၉-၇၇၂၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နိုင်ငံ့အန္တရာယ် အွန်လိုင်းလိမ်လည်လောင်းကစားဂိုဏ်းများ အမျိုးသားရေးအသွင်ဖြင့် ပြတ်ပြတ်သားသားချေမှုန်း

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌ(၁) အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌ(၂) အဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ ပါဝင်သည့် "အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီ" ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက် ရက်စွဲဖြင့် အမိန့်အမှတ် ၅၂/၂၀၂၅ ကို ထုတ်ပြန်၍ ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

၂၀၁၅ ခုနှစ်ခန့်မှစကာ အရှေ့တောင်အာရှနိုင်ငံအချို့တွင် ဝင်ရောက်လုပ်ကိုင်လာကြသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများသည် ၂၀၂၁-၂၀၂၂ အကြားကာလတွင် မြန်မာနိုင်ငံဘက်သို့ ရွှေ့ပြောင်းရောက်ရှိလာကြသည်။ ၎င်းတို့ဝင်ရောက်လုပ်ကိုင်သည့်နေရာများမှာ လက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ထားသည့်နေရာများဖြစ်ပြီး ၎င်းတို့၏အွန်လိုင်းရာဇဝတ်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာ့တပ်မတော်အပေါ် စွပ်စွဲပြောကြားမှုများ၊ မဟုတ်မမှန်ဝါဒဖြန့်မှုများ ထွက်ပေါ်လာကာ အထင်အမြင်လွဲမှားမှုများအပေါ် ဖြေရှင်းမှုများပြုလုပ်ခဲ့ရသည်။ မြန်မာ့မြေပေါ်ရောက်ရှိနေသည့် ၎င်းရာဇဝတ်လုပ်ငန်းများနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံက ရိုက်ကူးပြသခဲ့သည့် ဓာတ်လမ်းရုပ်ရှင်ကားတစ်ကားကြောင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အပေါ် မမှန်မကန် ထင်မြင်ခဲ့ကြသည်။

စင်စစ်အားဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို အဓိကဦးဆောင်ကျူးလွန်ခဲ့ကြသူများသည် တရုတ်နိုင်ငံသားများအပါအဝင် ဆိုရှယ်မီဒီယာများမှတစ်ဆင့် လိမ်လည်စည်းရုံး လူကုန်ကူးခံကြရပြီး အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်လုပ်ကိုင်ခဲ့ကြရသူများ၊ ပြည်ပမှ ဝရမ်းပြေးများဖြစ်ကြသည်။ ၂၀၂၂ ခုနှစ်အတွင်း ရုံးပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ဒေသသို့ အွန်လိုင်းငွေလိမ်လောင်းကစားဂိုဏ်းများဝင်ရောက်လုပ်ကိုင်လာကြရာ မြန်မာနှင့်တရုတ်နှစ်နိုင်ငံ Task Force ဖွဲ့စည်း၍ ပူးပေါင်းနှိမ်နင်းမှု ပြုလုပ်ခဲ့ရသည်။ အဆိုပါ နှိမ်နင်းမှုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သူ ၅၃၀၀၀ ကျော်ကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့်အပြင် အဓိကပြစ်မှုကျူးလွန်သူများကိုလည်း သက်ဆိုင်ရာအစိုးရအဖွဲ့ထံလွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုင်း-မြန်မာနယ်စပ် မြဝတီဒေသတွင်မူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များ ဆောင်ရွက်ရန် အကြောင်းပြု၍ အခြေခံအဆောက်အအုံများ ဆောက်လုပ်ကာ တစ်ဖက်နိုင်ငံမှတင်သွင်းသည့် အရင်းအမြစ်များနှင့်လုပ်ငန်းများ လည်ပတ်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာများ အပြည့်အဝလုပ်ကိုင်ရန် အကန့်အသတ်၊ အခက်အခဲရှိသည့် နေရာများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည်။ အဆိုပါ ဒုစရိုက်လုပ်ငန်းများကြောင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ထိပါးစေသည့်အပြင် နိုင်ငံ၏ လုံခြုံရေးအတွက်ပါ အန္တရာယ်ရှိလာသည်။

ယခုအခါ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို နယ်စပ်ဒေသများတွင် အမြစ်ပြတ်ရှင်းလင်းရန်၊ ထိုမှတစ်ဆင့် ပြည်တွင်းအထိ ပျံ့နှံ့ရောက်ရှိမလာစေရန်၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ ထိထိရောက်ရောက် အမြစ်ပြတ်နိုမ်နင်းရန်အတွက် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီကို ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင်ပါ တိုက်ဖျက်ရေးကော်မတီများ ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံအတွင်း လာရောက်လုပ်ကိုင်နေကြခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံအတွက် တစ်စုံတစ်ရာ အကျိုးအမြတ်မရရှိစေသည့်အပြင် နိုင်ငံကိုလည်း အန္တရာယ်ကျရောက်စေနိုင်သည်။ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများဖြစ်နေပြီး ပြည်တွင်းရှိလက်နက်ကိုင်သောင်းကျန်းမှုများကိုလည်း လောင်စာထိုးပေးသကဲ့သို့ဖြစ်ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အမြစ်ပြတ်ချေမှုန်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ဦးနေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေယူနယ်
သုတေသန - အိအိဝင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
သတင်းထောက်များ - ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၃၃၁၄၊ စီမံ ၀၁-၅၄၃၃၁၅၊ ဌေးရင်း ၀၁-၅၄၃၃၁၆၊ ကြေငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၅၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၃၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန် မင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန် မင်းအောင်လှိုင်အား ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲက အနေးလျှောက်၊ အမြန်လျှောက် ဖြင့် ချီတက်အလေးပြုသည်။

❐ *ရှေ့ဖိုးမှ*

ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန် မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက် ဖြင့် ချီတက်အလေးပြုသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန် မင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂) မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းဆွေဇင်ဖြိုးဝေအား အကောင်းဆုံး ဗိုလ်လောင်းဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန် မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းရွက်စေနိုင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်း (အရာရှိ) များအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်"** ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အမှတ်စဉ်(၁၂) အထိ လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်

မြန်မာအမျိုးသမီးများသည် နယ်ချဲ့ဗြိတိသျှ အုပ်စိုးစဉ်ကာလကတည်းက အမျိုးသားများနည်းတူ ဇာတိသွေး၊ ဇာတိမာနိထက်သန်သူများ ဖြစ်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း၌လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် လွတ်လပ်ရေးရရှိရန်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းရွက်ခဲ့ကြသည့် သမိုင်းမှတ်တမ်းကောင်းများ အထင်အရှားရှိခဲ့ကြောင်း၊ မြန်မာအမျိုးသမီးများသည် ရှေးယခင်ကတည်းက လက်ရုံးတပ်ဖွဲ့၊ ကယ်ဆယ်ရေးတပ်ဖွဲ့နှင့် ၁၉၅၄ ခုနှစ်တွင် ဖွဲ့စည်းသည့် စစ်ဝန်ထမ်းတပ်ဖွဲ့များတွင် မိမိဆန္ဒအလျောက် ဝင်ရောက်ပြီး နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့ကြသည်ကို ဂုဏ်ယူစွာ တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင်လည်း မြန်မာအမျိုးသမီးများသည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်များအထိပါ အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့်လည်း အမျိုးသမီးတပ်ဖွဲ့ဝင်များကို နိုင်ငံတော်ကာကွယ်ရေး တာဝန်များတွင် အမျိုးသားစစ်သည်များနှင့် တန်းတူပါဝင်ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကို ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိခြင်းကြောင့် ယခုအခါ တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့များတွင် အမျိုးသမီးအရာရှိ ၉၀၀ ကျော် တာဝန်ထမ်းဆောင်နေကြပြီး အချို့အမျိုးသမီးတပ်ဖွဲ့ဝင်များသည် ကြပ်တမ်းခက်ခဲသည့် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) တာဝန်၊ စစ်ရေယာဉ်များပေါ်တွင် လိုက်ပါပြီး ပိုင်နက်ရေပြင်ကာကွယ်ရေးတာဝန်၊ အမျိုးသမီး လေသူရဲဗျိုသန်းရေးတာဝန်၊ လေထီးစစ်သမီးတာဝန်များနှင့် နယ်လှည့်ဆေးကုသရေးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာ ထမ်းဆောင်နေကြသည့်အပြင် နိုင်ငံပေါင်းစုံပါဝင်သည့် ပူးပေါင်းလေ့ကျင့်ခန်းများနှင့် တပ်မတော်အဆင့် အားကစားပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များ ဆွတ်ခူးရရှိသည်အထိ စွမ်းဆောင်နိုင်ခဲ့ကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

ထိုသို့စွမ်းဆောင်နိုင်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ခြင်းဖြစ်သကဲ့သို့ တစ်နည်းအားဖြင့် မြန်မာအမျိုးသမီးများ၏ ကိုယ်ရည်ကိုယ်သွေး မနိမ့်ကြောင်း ပြသနိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့်လည်း ဆိုင်ရာတာဝန်များ ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ဆက်လက် လေ့ကျင့်ကြိုးပမ်း အားထုတ်သွားကြရန်လိုသည်ကို မှာကြားလိုကြောင်း။

စစ်အတတ်ပညာများ အမြဲမပြတ်လေ့လာ

တပ်မတော်တစ်ရပ် အရည်အချင်း ပြည့်ဝရန်အတွက် လေ့ကျင့်ရေးသည် မရှိမဖြစ် လိုအပ်သည့် အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ အရေးအကြီးဆုံး လုပ်ငန်းတာဝန်လည်းဖြစ်ကြောင်း၊ သင်တန်းကျောင်းက လေ့ကျင့်သင်ကြားပေးလိုက်သည့် အတတ်ပညာများကို လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် မူဝါဒအတိုင်း ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာပြီး ပိုမိုကျွမ်းကျင်လာအောင် အမြဲလေ့ကျင့်နေရမည့်အပြင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း အမြဲလိုက်နာ ကျင့်သုံးနေကြရမည်ဖြစ်ကြောင်း၊ ထိုသို့ လေ့ကျင့်သား ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရေး တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့်နေထိုင်စားသောက်မှုရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် တာဝန်ထမ်းဆောင်မည့် နေရာအသီးသီးရောက်သည့်အခါ လေ့ကျင့်သားပြည့်ဝနေရန်အတွက် **"ကျန်းမာအောင်နေ၊ သန့်စွမ်းအောင်လေ့ကျင့်"** ဆိုသည့် အတိုင်း ကိုယ်စီလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။ *စာမျက်နှာ ၄ သို့*

" ယနေ့အချိန်တွင်လည်း မြန်မာအမျိုးသမီးများသည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်များအထိပါ အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင် ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ် "

စာမျက်နှာ ၃ မှ

စည်းကမ်းမကောင်းပါက မည်သည့်အဖွဲ့အစည်းမှ ရေရှည်တည်တံ့နိုင်စွမ်းမရှိဘူးဆိုသည်ကို အတိတ်သမိုင်းများကို ပြန်ကြည့်မည်ဆိုပါက သိရှိနိုင်ကြောင်း၊ မြန်မာ့သမိုင်းတွင်လည်း စည်းကမ်းဖောက်လို့ထီးနန်းပျောက်ခဲ့ရသည့် သမိုင်းသာဓကများ ရှိခဲ့ကြောင်း၊ မိမိတို့တပ်မတော်သားများသည် စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံတတ်မှုများကို ခါးဝတ်ပုဆိုးပမာ မြဲမြံခိုင်ခံ့နေရမည်ဖြစ်ပြီး စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ နှင့်အညီ နေထိုင်ကျင့်ကြံသွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းဆင်းအမျိုးသမီးအရာရှိများ အနေဖြင့်လည်း အမိန့်နာခံမှုနှင့် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်ရန် လိုအပ်သည့်အတွက် ခေါင်းဆောင်မှုနှင့်ပတ်သက်ပြီး အနည်းငယ် မှာကြားလိုကြောင်း။

တပ်မတော်တွင် ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရုပ်(၁၆) ချက်အတိုင်း အမှန်တကယ်လိုက်နာကျင့်သုံးမည်ဆိုပါက အထက်အောက် ယုံကြည်အားထားရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာကြမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ကို ရောက်သည့်အခါ သင်တန်းကျောင်းတွင် သင်ယူခဲ့ရသည့် ခေါင်းဆောင်မှုပညာရပ်များကို လက်တွေ့အခြေအနေနှင့်ယှဉ်ပြီး လက်အောက်ငယ်သားများအပေါ်တွင် မိဘကောင်းသဖွယ်စိတ်ဓာတ်ဖြင့် တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်မျိုး မွေးမြူပြီး ကျောသားရင်သားမခွဲခြားဘဲ ကွပ်ကဲကြီးကြပ်သွားကြရန် လိုအပ်ကြောင်း။

ခေါင်းဆောင်ကောင်းများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်

ထို့အပြင် အထက်က ယုံကြည်စိတ်ချမှုနှင့် လက်အောက်ငယ်သားများ၏ ရိုသေလေးစားမှု၊ ယုံကြည်ကိုးစားမှု၊ သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်မှုများကို ရယူနိုင်အောင် ကြိုးပမ်းကြရန်လိုသကဲ့သို့ ကိုယ်တိုင်ကလည်း ရှေ့ဆောင်လမ်းပြနေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောင်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့်ခေါင်းဆောင်မှု အင်္ဂါရုပ်များကို တိတိကျကျလိုက်နာကျင့်ကြံပြီး ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာအောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကိုကြည့်မည်ဆိုပါက နိုင်ငံအတွင်း၌ နေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေ တည်ဆောက်ထားရန် လိုအပ်သည်ကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံတော်အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်" ဟူသော စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက်ကြရမည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မော့ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ဆွေဇင်ဖြိုးဝေအား အကောင်းဆုံးဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်စဉ်။

တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုမှာ **"ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်"** ဆိုသည့် အချက်ကို ဖော်ပြထားခြင်းကြောင့် ယင်းအချက်ကို လက်တွေ့ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထုကို စည်းရုံးပြီးသားဖြစ်စေကြောင်း၊ ထို့ကြောင့် ကျောင်းဆင်း အမျိုးသမီးအရာရှိများအနေဖြင့် **"တပ်နှင့်ပြည်သူ မြဲကြည်ဖြူ။ ဘယ်သူ့ခွဲခွဲတို့မကွဲ အမြဲစည်းလုံးမည်"** ဆိုသည့်အချက်ကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ကျစ်လျစ်ခိုင်မာသည့် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးကို ဆက်လက် တည်ဆောက်ကြရမည်ဖြစ်သည်ကို တိုက်တွန်း ပြောကြားလိုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ တိုင်းပြည် တစ်ပြည်အတွက် မရှိမဖြစ်လိုအပ်သည့် ဥပဒေဖြစ်ပြီး နိုင်ငံတစ်နိုင်ငံကို မည်သည့်ပါဒဖြင့် အုပ်ချုပ်မည်၊ မည်သည့်စနစ်ဖြင့် မောင်းနှင်မည်၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေးအာဏာနှင့် ဥပဒေပြုရေး အာဏာကို မည်သို့မည်ပုံခွဲဝေပိုင်းခြားမည်ဆိုသည်ကို ပြဋ္ဌာန်းသတ်မှတ်ပေးရခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွက် အုပ်ချုပ်ရေးအာဏာများ ခွဲဝေထားရှိပြီးဖြစ်သကဲ့သို့ နိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကြား အာမခံချက်ပေးထားသည့် ဥပဒေလည်း ဖြစ်ကြောင်း၊ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအတည်ပြုမှုဖြင့် ပေါ်ထွန်းလာခြင်းဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံးက လေးစားလိုက်နာရမည်ဖြစ်သကဲ့သို့ ပြည်သူထဲက ပေါက်ဖွားလာသည့် မိမိတို့တပ်မတော်သားများအနေဖြင့်လည်း ကာကွယ်စောင့်ရှောက်သွားရန် အဓိက တာဝန်ရှိသည်ကိုလည်း ပြောကြားလိုကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ)တွင် **"တပ်မတော်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"** ဟု အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြဋ္ဌာန်းချက်နှင့်အညီ မိမိတို့တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးဖြစ်သည့် တပ်မတော်အနေဖြင့် ဆောင်ရွက်နေသမျှအရာအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လျှောက်လှမ်းနေခြင်းဖြစ်ပြီး ဥပဒေကို ကျော်လွန်ဆောင်ရွက်ခြင်းမျိုးမရှိသည်ကိုလည်း ကျောင်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့် နားလည်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ လူမှုအသိုက်အဝန်း၊ အဖွဲ့အစည်းများတွင် ကြုံတွေ့နေရသည့် ပြဿနာများကို လက်တွေ့ကျကျ ပြေလည်နိုင်စေရန် ကမ္ဘာ့နိုင်ငံများနည်းတူ ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စု၏ အနှစ်သာရများအတိုင်း ပြည်သူ့ဆန္ဒနှင့်အညီ ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်သည်ကို ပြောကြားလိုကြောင်း။

၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ကို ပြည်သူလူထု၏ သဘောဆန္ဒနှင့်အညီ ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် နိုင်ငိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ထိုသို့ဆောင်ရွက်သည့် နေရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် ရောက်ရှိလာစေရန် ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရသက်တမ်းတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်

ငြိမ်းချမ်းရေးနှင့်ဆိုင်သည့် တွေ့ဆုံဆွေးနွေးမှုတိုင်းတွင်လည်း (NCA) နှင့်ပတ်သက်ပြီး အလေးအနက်ထားပြောကြားခဲ့ခြင်းသည် (NCA) စာချုပ်သည် နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အခြေခံကျပြီး အဓိကလုပ်ဆောင်ရမည့်အချက် ဖြစ်နေရန်ပင်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲကြောင်းကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန် ဖိတ်ခေါ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ သို့သော် (NCA) တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) အချို့သည် (NCA) ပါ ကတိကဝတ်များကို လိုက်နာမှုမရှိဘဲ သိသိသာသာ ချိုးဖောက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပြင်ပမှ သွေးထိုးမှုများကြောင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်းမရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့

- ☆ **တပ်မတော်တွင် ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရုပ်(၁၆) ချက်အတိုင်း အမှန်တကယ် လိုက်နာကျင့်သုံးမည်ဆိုပါက အထက်အောက် ယုံကြည်အားထားရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာကြမည်ဖြစ်**
- ☆ **လုပ်ငန်းခွင်ကို ရောက်သည့်အခါ သင်တန်းကျောင်းတွင် သင်ယူခဲ့ရသည့် ခေါင်းဆောင်မှု ပညာရပ်များကို လက်တွေ့အခြေအနေနှင့်ယှဉ်ပြီး လက်အောက်ငယ်သားများအပေါ်တွင် မိဘကောင်းသဖွယ် စိတ်ဓာတ်ဖြင့် တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်မျိုး မွေးမြူပြီး ကျောသားရင်သား မခွဲခြားဘဲ ကွပ်ကဲကြီးကြပ်သွားကြရန်လိုအပ်**

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို တွေ့ရစဉ်။

စာမျက်နှာ ၄ မှ

နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့်အဖွဲ့များအနေဖြင့် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြရန်အချိန်တန်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် **"ပြည်ထောင်စုအကျိုးအတွက် ထပ်မံဖိတ်ခေါ်ချက်"** ဆိုသည့် ထုတ်ပြန်ချက်ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်ပေးခဲ့ကြောင်း၊ ဒါဟာ တစ်နိုင်ငံတည်း သားချင်း ဆိုသည့်စိတ်ဖြင့် အပြုသဘောဆောင်ပြီး စိတ်ရှည်သည်းခံစွာ အခွင့်အရေးပေးသည့် တပ်မတော်၏ သဘောထားကြီးမှုကို ဖော်ပြနေခြင်း ပင်ဖြစ်ကြောင်း၊ သို့သော်လည်း ဥပဒေနှင့်မညီသည့် လက်နက်ကိုင်အကြမ်းဖက်သမားများ၏ တောင်းဆိုမှုများအပေါ် လိုက်လျောဖြေလျှော့ပေးသွားမည် မဟုတ်ခြင်းကြောင့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် ကာလအတွင်း၌လည်း ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် အမြဲတမ်း စစ်ရေး အသိ၊ စစ်ရေးသတိ ရှိနေကြရန်လိုသည်ကို တိုက်တွန်းမှာကြားလိုကြောင်း။

ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပရာတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန်အတွက် မဲစာရင်းများ မှန်ကန်တိကျရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိစေရန် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ အတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းကောက်ယူခဲ့ခြင်းကလည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင် လူဦးရေကိန်းဂဏန်းများ ပြည့်စုံမှန်ကန်စေရေးကိုလည်း အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့သကဲ့သို့ မဲဆန္ဒနယ်များအလိုက် အချက်အလက်များ ကောက်ယူခြင်းနှင့် နယ်မြေများအလိုက် လုံခြုံရေးဆိုင်ရာ အချက်အလက်များရယူခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ယခင်ကြုံတွေ့ခဲ့ရသည့် ရွေးကောက်ပွဲမဲသမားမှု ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲသမားမှုများမဖြစ်စေရန် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရန်အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါစက်များသည် မဲသမားမှုပြုလုပ်၍မရသည်ကို ပြောကြားလိုကြောင်း၊ ရွေးကောက်ပွဲတွင်ပါဝင်ကြမည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးစဉ်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တဲ့အကာအကွယ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ဥပဒေနှင့်အညီ မဲပေးခွင့်ရှိသူ ကျောင်းဆင်းအမျိုးသမီးအရာရှိများအပါအဝင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာဆန္ဒမဲပေးခြင်းဖြင့် ဒီမိုကရေစီစနစ်ကို အခြေခံသည့်ပြည်ထောင်စုနိုင်ငံတော်ဆီ လျှောက်လှမ်းကြရန် ပြောကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့တပ်မတော်တွင် ထူးချွန်ပြောင်မြောက်သည့် အမျိုးသမီးစစ်မှုထမ်းများစွာ ပေါ်ပေါက်ခဲ့ပြီး ရာထူးအမျိုးမျိုးဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသကဲ့သို့ ပေးအပ်လာမည့်တာဝန်များကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်သွားကြရန်၊ စစ်စည်းကမ်းကို တိကျစွာလိုက်နာပြီး အမိန့်နာခံမှုအားကောင်းသည့် အထက်အောက် ယုံကြည်ကိုးစားရသူများဖြစ်အောင် ကြိုးပမ်းသွားကြရန်၊ ခေါင်းဆောင်မှုအင်္ဂါရုပ်များနှင့်အညီ ကြိုးစားနေထိုင်ကြကာ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များအပေါ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ကြပြီး တပ်မတော်၏ ဂုဏ်ကိုဆောင်နိုင်သည့် အရာရှိများဖြစ်အောင် ကြိုးပမ်းကြရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရ၊ ပြည်တွင်းတည်ငြိမ်အေးချမ်းခြင်း၏ တန်ဖိုးများကို ကိုယ်တိုင်နားလည်သိရှိပြီး နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့် အမျိုးသမီး အရာရှိကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကျောင်း ဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ဆွေဇင်ဖြိုးဝေ၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်း သင်းကြူလှိုင်၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်း ယဉ်မင်းသန့်နှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်း ခင်မြင့်မိုရ်ထွန်းတို့နှင့် ၎င်းတို့၏မိဘဆွေမျိုးများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တန်းတူပါဝင်အားဖြည့်လျက်ရှိ

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလ တစ်လျှောက် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်မှုနှင့် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ လူတိုင်းတွင် ဘဝရည်မှန်းချက်၊ မျှော်မှန်းချက်များရှိကြပြီး အဆိုပါ ရည်မှန်းချက်၊ မျှော်မှန်းချက်များ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသမီးများ၏အခန်းကဏ္ဍနှင့် ပတ်သက်၍ လွတ်လပ်ရေးကြိုးပမ်းမှုမှစ၍ နယ်ပယ်အသီးသီးတွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပါဝင်အားဖြည့်လျက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊

ငယ်စဉ်ကလေးဘဝမှယခုအချိန်အထိ ကျေးမွေးစောင့်ရှောက်ထိန်းသိမ်းသွန်သင်ပေးခဲ့သည့် မိဘဆရာသမားများ၏ ကျေးဇူးကို မမေ့မရန်နှင့် မိသားစုမှ ဂုဏ်ယူရသည့် နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့် တပ်မတော်အရာရှိကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန်လိုကြောင်း၊ ထူးချွန်ဆုများရရှိပြီး သင်တန်းဆင်းခဲ့ကြသူများဖြစ်သဖြင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် စဉ်ဆက်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားရန်လိုကြောင်း၊ မိမိတို့ဘဝတိုးတက်လမ်းကို အထောက်အပံ့ကောင်းများဖြစ်စေနိုင်မည့် စာပေပညာသင်ယူခြင်း၊ စာကောင်းပေမွန်များကို ဖတ်မှတ်လေ့လာခြင်း၊ အခြားသူများသို့ မျှဝေပေးခြင်းများကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးလမ်းတွင်လည်း မိမိကိုယ်ကို တန်ဖိုးထား၍ ထိန်းထိန်းသိမ်းသိမ်းနေထိုင်ပြီး မိမိတို့တာဝန်ကျသည့် မည်သည့်နယ်ပယ်တွင်မဆို တိုင်းပြည်ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကျောင်း ဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသူများနှင့် ၎င်းတို့၏မိဘဆွေမျိုးများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မြဝတီခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ခေတ္တကျောင်းအုပ်ကြီးဌိမ်းနှင့် ကျောင်းဆင်းဗိုလ်လောင်းများ အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ခေတ္တကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားတွင် ကျောင်းဆင်း ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းများအား ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူးခန့်အပ်ပေးအပ်ခြင်း ဖြစ်သည်။ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအား တပ်မတော်အတွက် အရည်အချင်းပြည့်ဝသည့် ဦးစီးအရာရှိများ မွေးထုတ်ပေးရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂) အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့် သက်ဆိုင်ရာ (ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များတွင် အသီးသီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးပန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) (Myanmar Art Center–Yangon) အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်)အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းခွင် ယာယီရှင်းလင်းဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဒီဇိုင်ကရေစီ ပထမအဓိးရုသက်တမ်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဂီတ၊ သဘင်များ ဖျော်ဖြေတင်ဆက်နိုင်မည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အနုပညာဗဟိုဌာနများကို နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာနများအဖြစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု နောက်ခံသမိုင်းကြောင်း အခြေအနေများ၊ ဒီဇိုင်ကရေစီ ဒုတိယအဓိးရုသက်တမ်းကာလတွင် အဆိုပါနိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်ရေးလုပ်ငန်းများ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆက်လက်အကောင်အထည်ဖော်ရန် ရပ်တန့်ခဲ့ရမှုအခြေအနေများ၊ အဆိုပါရပ်တန့်ခဲ့ရသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အဆောက်အအုံဒီဇိုင်းများအား မြန်မာ့ယဉ်ကျေးမှုကို ဖော်ညွှန်းပြသနိုင်သည့် ဒီဇိုင်းများဖြင့် ပုံဖော်တည်ဆောက်သွားမည့်အခြေအနေများနှင့် လုပ်ငန်းဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စနစ်တကျတွက်ချက်တည်ဆောက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (ရန်ကုန်)အား မူလရည်မှန်းချက်များနှင့် အညီဖြစ်စေရေး ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားရန်လိုကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင်လည်း နိုင်ငံတကာအဆင့်မီသည့် ဆက်တင်များ၊ Lighting စနစ်များ၊ အသံစနစ်များကို စနစ်တကျတွက်ချက်ထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်း၊ ယခုအနုပညာဗဟိုဌာနအတွင်း အော်ပရာပြဇာတ်များ တင်ဆက်ပြသနိုင်သည့်အဆင့်ဖြစ်အောင် တည်ဆောက်သွားရန်လိုကြောင်း၊ ယခုအနုပညာဗဟိုဌာနအား ဆက်လက်အကောင်အထည်ဖော် တည်ဆောက်ခြင်းသည် မြန်မာ့ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့်အနုပညာရပ်များ ဆက်လက်ထိန်းသိမ်းပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ရည်ရွယ်၍ နိုင်ငံတော်မှ အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (ရန်ကုန်) တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာနများ တည်ဆောက်ခြင်းစီမံကိန်းများအနေဖြင့် ဒီဇိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလတွင် လုပ်ငန်းဆက်လက်အကောင်အထည်ဖော်မှု ရပ်တန့်ခဲ့ရသဖြင့် အနုပညာရှင်များ၏ မြန်မာ့ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့်အနုပညာရပ်များ ဖော်ထုတ်ခွင့် ၁၀ နှစ်ခန့် နောက်ကျခဲ့ရကြောင်း၊ ယခုအခါ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာနများ တည်ဆောက်ခြင်းစီမံကိန်းများကို အမြန်ဆုံး ဆက်လက်အကောင်အထည်ဖော်၍ မြန်မာ့ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့်အနုပညာရပ်များ ဆက်လက်ထိန်းသိမ်းပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ယင်းနောက် ဖိုရမ်အခမ်းအနားကို ဦမိန်းချမ်းရေးနှင့် ယုံကြည်မှု–“စဉ်ဆက်မပြတ်သော အနာဂတ်အတွက် ရည်မှန်းချက်ပန်းတိုင်များ ပေါင်းစည်းခြင်း” ခေါင်းစဉ်ဖြင့် ကျင်းပရာ တာ့ခ်မင်နစ္စတန် နိုင်ငံ သမ္မတ Mr. Serdar Berdimuhamedov က အဖွင့်မိန့်ခွန်း ပြောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် နိုင်ငံအလိုက် ခေါင်းဆောင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ်က ဂုဏ်ပြုမိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပသည့် အထိမ်းအမှတ် ဖိုရမ် အခမ်းအနားသည် တာ့ခ်မင်နစ္စတန် နိုင်ငံ၏ အမြဲတမ်းကြားနေ မူဝါဒ နှစ် ၃၀ ပြည့် အထိမ်းအမှတ် အခါသမယနှင့်လည်း တိုက်ဆိုင်နေခြင်းကြောင့် ထူးခြားအရေးပါသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့၏ တည်ထောင်သူ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူ ၅ ရပ်ကို ကိုင်စွဲကျင့်သုံးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ နှင့် သဘာဝဘေး အန္တရာယ်များကို ရင်ဆိုင်ခဲ့ရသည့် အချိန်တွင် နိုင်ငံတကာအသိုက်အဝန်းမှ ကူညီဆောင်ရွက်ပေးခဲ့မှု အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့များကို လည်း ဖိတ်ကြားထားသည့် အခြေအနေများကို ဆွေးနွေးပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညီစောနှင့် နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ်အထိမ်းအမှတ် နိုင်ငံတကာဖိုရမ်အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ပြီး ညပိုင်းတွင် တာ့ခ်မင်နစ္စတန် နိုင်ငံက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယမန်နေ့ကလည်း နိုင်ငံတော် ဝန်ကြီးချုပ် ဦးညီစောသည် အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာဆော့ ပါဇက်ရှ်ကီရမ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပြီး အခြားနိုင်ငံခေါင်းဆောင်များနှင့်လည်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံတကာကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ)ရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ခေတ္တကျောင်းအုပ်ကြီးနှင့် မော်ဘီတပ်နယ်မှတာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းအမျိုးသမီးအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်းအမျိုးသမီးအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအမျိုးသမီးအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ဂုဏ်ပြုစစ်တီးပုတ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အမျိုးသမီး အရာရှိများနှင့်အတူ မြဝတီသဘင် ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်ဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လျှိကျုံးရီ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ဒုတိယဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၂

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လျှိကျုံးရီဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်ထံ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃၈) ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

လုပ်ငန်းစဉ်များထောက်ခံ

ထိုသို့တွေ့ဆုံစဉ် Online Scam တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ Online Scam ကိုအကြောင်းပြု၍ ပြည်ပနိုင်ငံများမှ ဝင်ရောက်စွက်ဖက်မှု လက်မခံရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု များတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းစဉ်များကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံပါကြောင်းနှင့် ပါဝင်ပူးပေါင်းပြီး အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရေးတို့နှင့် စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဆက်လက်၍မစ္စတာလျှိကျုံးရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်လက်၍ မြန်မာ - တရုတ် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရာဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသများရှိ အွန်လိုင်းလိမ်လည်မှု (Online Scams) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်နိုင်ငံသားများကို ရှာဖွေကူညီကယ်တင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်လွှဲပြောင်းပေးရေး၊ နိုင်ငံဖြတ်ကျော်မူခင်းများဆိုင်ရာ မူဆယ်-တယ်ဟုန်ခရိုင်အဆင့် ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ(မူကြမ်း) တို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ တို့သည် မြဝတီဒေသရှိ Online Scam တိုက်ဖျက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သွားရောက်ကွင်းဆင်းလေ့လာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အင်းစိန်မြို့နယ်၌ ဒို့အတူတူမဲပေးကြမယ် မြေစိုက်ဘုတ်များစိုက်ထူပြီး လက်ကမ်းစာစောင်များဖြန့်ဝေ

အင်းစိန် ဒီဇင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မကြာမီကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေး ရည်ရွယ်ကာ ဒို့အတူတူ မဲပေးကြမယ် မြေစိုက်ဘုတ်များကို သတ်မှတ်နေရာ ၁၀ နေရာတွင် တစ်ပြိုင်နက် စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်အတွင်းရှိ လမ်းဆုံ၊ လမ်းခွများနှင့် လူစည်ကားရာနေရာများ၌ ဆောင်ရွက်ကြသည်။

ထို့နောက် အင်းစိန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများဦးဆောင်၍ ဌာနဆိုင်ရာ ဝန်ထမ်းများက လမ်းဆုံ၊ လမ်းခွများနှင့် လူစည်ကားရာ နေရာများတွင် ရွေးကောက်ပွဲ အသိပေးနှိုးဆော်ရေး လက်ကမ်းစာစောင် ၁၃၀၀ ကို လူစည်ကားသော နေရာများ၊ ခရီးသည်ယာဉ်လိုင်းများပေါ်ရှိ ပြည်သူများ၊ YBS ကားများတွင် ကြော်ငြာများ ကပ်ခြင်းတို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုဂုဏ်ပြုဆောင်းပါး

တစ်မျိုးသားလုံးကျန်းမာရေး တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး

နေနေနိုင်ဇည်၊ မိုးမိုးသန်း(တိုင်းရင်းဆေးပညာဦးစီးဌာန)

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး နိုင်ငံတော်အဆင့် နှစ်စဉ်မပျက် အောင်မြင်စွာကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၂၄)ကြိမ်မြောက် ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ခြင်းမှာ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူ တိုင်းရင်းဆေးသမားတော်ကြီးများအားလုံး၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့်လည်း ဖြစ်ပါသည်။

ပြည်သူလူထု၏ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် အထောက်အကူပြုနိုင်ရန် အလွှာစုံမှ ပညာရှင်များပါဝင်သော (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

ထိုကဲ့သို့မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကျင်းပရာတွင် တိုင်းရင်းဆေးသမားတော်များသာမက နိုင်ငံခြားပညာရှင်များပါ ပါဝင်ပြီး အတွေ့အကြုံ၊ အတွေးအမြင်များကို ဖလှယ်ကြခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ပိုမိုမြင့်မားစေရန် အထောက်အကူကောင်းများလည်း ရရှိနိုင်ကြမည်ဖြစ်ပါသည်။ ယနေ့ခေတ်ကာလသည် မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ တိုင်းရင်းဆေးသမားတော်ကြီးများ၏ ဂုဏ်ဒဂၤဂဏာ စိတ်ထားကင်းရှင်းစွာ တိုင်းရင်းဆေးပညာအကျိုး ရှေးရှုကြိုးပမ်းဆောင်ရွက်မှုနှင့် ပြည်သူများ၏ မြန်မာ့တိုင်းရင်းဆေးအပေါ် ယုံကြည်ကိုးစားအားပေးမှုတို့ အပြန်အလှန် ပေါင်းစည်းအကျိုးပြုလျက် မြန်မာ့တိုင်းရင်းဆေးပညာထွန်းတောက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းသွားနိုင်မည့် အခြေအနေကောင်းများရှိနေပြီဖြစ်ပါသည်။

တိုင်းရင်းဆေးဆရာကြီးများ၏ အရည်အသွေးကို ပိုမိုလက်ခံလာကြ

ပြည်သူလူထုအများစုက မိမိတို့၏ ကျန်းမာရေးအတွက် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများကို အလေးထား အားကိုးအားထားပြုနေကြခဲ့ဖြစ်ပါသည်။ အထူးသဖြင့် စနစ်တကျသင်ယူကာ အတွေ့အကြုံများ၍ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သော တိုင်းရင်းဆေးဆရာကြီးများ၏ အရည်အသွေးကို ပိုမိုလက်ခံလာကြပြီဖြစ်ပါသည်။ ဤကဲ့သို့အခြေအနေတွင် မြန်မာ့တိုင်းရင်းဆေးဆရာကြီးများဘက်က မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုကို ပို၍ပို၍ကောင်းမွန်အောင် လုပ်ဆောင်ကြပြီး မိမိတို့၏ အရည်အသွေးနှင့် ဂုဏ်သိက္ခာကို ပိုမိုတိုးတက်သထက်တိုးတက်အောင်ကြဆောင်နေကြသည်မှာလည်း ဂုဏ်ယူဖွယ်ဖြစ်ပါသည်။

ထို့ပြင် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးနိုင်သည့် နိုင်ငံခြားပညာရှင်များ၊ ဆေးဝါးဗေဒ၊ ဓာတုဗေဒ၊ ရုပ္ပဗေဒ၊ ဇီဝဓာတုဗေဒ အစရှိသော ကျွမ်းကျင်မှုဆိုင်ရာပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံခြားပညာရှင်များ

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၁၅ ရက် သာ လိုတော့သည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)ကို ယနေ့ပွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥဒ္ဒာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ မဟာဗျူဟာအကောင်အထည်ဖော်မှုကြီးကြပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကို FATF မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်ရမည့် နိုင်ငံနှင့်ဒေသများစာရင်း(Gray List)တွင် ထည့်သွင်းခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံ (Action Plan) တွင်ပါသည့် အချက် ၁၅ ချက်အပေါ် အလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တိုးတက်ဆောင်ရွက်မှု အစီရင်ခံစာပေးပို့ခြင်းနှင့် မျက်နှာစုံညီအစည်းအဝေးတက်ရောက်ခြင်းတို့ကို ၄ လတစ်ကြိမ် ဆောင်ရွက်လျက်ရှိပါကြောင်း။

Action Plan ပါအချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးဆောင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဆောင်ရွက်ရမည့် Action Plan ပါ အချက် ၁၅ ချက်အနက် ယခုလက်ရှိ အချက် ၅ ချက်သာ ကျန်ရှိတော့သဖြင့် ကျန်ရှိသည့်အချက်များကို ပြီးမြောက်စေရေး သက်ဆိုင်ရာဌာနများမှ ပိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

မူလပြစ်မှုများ စုံစမ်းစစ်ဆေးသည့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် သံသယရှိသူများနှင့် ဆက်နွယ်မှုရှိသည့် ၎င်းတို့၏ပိုင်ဆိုင်မှုများကို ဖော်ထုတ်နိုင်ရေး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ သက်ဆိုင်ရာဌာနများမှ သတင်းအချက်အလက်များ တောင်းခံအသုံးပြုပြီး ငွေကြေးခဝါချမှုဖြစ်နိုင်ခြေများကို ဖော်ထုတ်နိုင်ရေး၊ ပိုင်ဆိုင်မှုများကိုလည်း စုံစမ်းစစ်ဆေးစဉ်အတွင်း ယာယီတားမြစ်ခြင်း၊ သိမ်းဆည်းခြင်း၊ နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းတို့ ဟိုးမြင့်ဆောင်ရွက်ရေး လိုအပ်သည့်သတင်းအချက်အလက်များကိုလည်း ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံ တောင်းခံအသုံးပြုသွားရန် လိုအပ်ကြောင်း။

ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သည့် စီးပွားရေးအဖွဲ့အစည်းများ စသည့် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဆုံးရှုံးနိုင်ခြေမြင့်မားသည့် ပြစ်မှုများဖြစ်သည့် မူးယစ်ဆေးဝါးမှု၊ အဂတိလိုက်စားမှု၊ အခွန်ဆိုင်ရာမှုခင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်းများနှင့် ဆက်နွယ်သည့် သံသယဖြစ်ဖွယ်သတင်းပို့ချက်များကို ဖော်ထုတ်နိုင်ရန်အတွက် ငွေကြေးနှင့် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုများအပေါ် စောင့်ကြည့်ပြီး FIU သို့ သတင်းပေးပို့ရေး၊ သတင်းပို့ချက်အရည်အသွေးမြင့်မားရေးကိုလည်း အလေးထားဆောင်ရွက်ရေးနှင့် သက်ဆိုင်ရာကြီးကြပ်ရေးအာဏာပိုင်များက ကြပ်မတ်ဆောင်ရွက်ရေး၊ ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားမှုနှုန်းတိုးမြင့်လာသည့် အွန်လိုင်းလိမ်လည် ကျူးလွန်မှုများနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုများကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်သွားရေးတို့ကို တိုက်တွန်းပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် ဆောင်ရွက်မည့် တတိယအကြိမ် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (Mutual Evaluation-ME) အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ၊ စနစ်တကျအစီအမံများ ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်သည့်အရင်းအမြစ်များ ကြိုတင်စီမံထားကြရန် တိုက်တွန်းပါကြောင်း၊ ငွေကြေးခဝါချမှုများကို စစ်ဆေးသည့် စီစစ်ရေးအဖွဲ့များအနေဖြင့် အမှုစစ်ဆေးရာတွင် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပြီး အစီရင်ခံစာများတင်ပြရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အထောက်အထားခိုင်လုံစွာဖြင့် စစ်ဆေးချက်လုပ်ဒေါ်လာများအပေါ် တာဝန်ယူမှုတာဝန်ခံမှုရှိစေရေးနှင့် အဂတိတရားကင်းစွာဆောင်ရွက်ရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ(၂၀၂၄-၂၀၂၈)ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ စတင်၍ မဟာဗျူဟာ နယ်ပယ် ၅ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ပြီး ၂၀၂၅ ခုနှစ် တတိယလေးလပတ်ကာလထိ ၄၇ ဒဿမ ၂ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နည်းပညာဆန်းသစ်တီထွင်မှုများသည် လူ့ဘောင်အဖွဲ့အစည်းနှင့် စီးပွားရေးကဏ္ဍတိုင်းတွင် ထုတ်လုပ်မှုစွမ်းအားကို တစ်ဟုန်ထိုးမြှင့်တင်ပေးနေပြီး အခြားတစ်ဖက်တွင်လည်း ပြစ်မှုကျူးလွန်သူများသည် နည်းပညာတိုးတက်မှုကို တလွဲအသုံးချပြီး ဆိုက်ဘာမှုခင်းများအပါအဝင် လိမ်လည်မှု၊ ငွေကြေးခဝါချမှုပြစ်မှုများကို ကျူးလွန်လာနေကြကြောင်း ပြောကြားသည်။

ထို့နောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့တို့မှ တက်ရောက်လာသူများ၊ မဟာဗျူဟာအကောင်အထည်ဖော်မှုကြီးကြပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌများက ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဆင်း

နေပြည်တော် ဒီဇင်ဘာ ၁၂

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၂)၏ သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ရှိ ရတနာဒန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က ဆရာဆိုသည်မှာ စာကိုလည်း သင်၊ လူကိုလည်းပြင် ဟူသည့် အတိုင်း ဘာသာရပ်သင်ကြားသူ သက်သက်သာမက ကျောင်းသား ကျောင်းသူများအား ဘက်စုံထူးချွန်သူ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် နိုင်ငံချစ်စိတ်ရှိသူ၊ စည်းကမ်းကို တန်ဖိုးထားလေးစားလိုက်နာသူ၊ ကြောင်းကျိုးဆက်စပ်စဉ်းစားတွေးခေါ်တတ်သူ၊ ကိုယ်ချင်းစာစိတ်ထားကြစေရန် လမ်းပြပေးပြီး အများအကျိုး ဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြမည့်သူများ ဖြစ်သည့်အတွက် ဆရာတစ်ဦး တွင်ရှိရမည့် ကိုယ်ရည်ကိုယ်သွေး၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် မိမိ၏ ဆရာအတတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၈၇ ဦး၊ သင်တန်းသူ ၃၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် ဒီဇင်ဘာ ၁၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁၃ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ပိုက်၌ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ပိုက်၌ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

ဒီဇင်ဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မိုး/၈လ

နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် လူငယ်များကို စုစည်း၍ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အယူအဆအတွေးအခေါ်များကို ဆွေးနွေးဖော်ထုတ်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၂

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် M Gallery ဟိုတယ်၌ ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ရာဇပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အဖြတ်မံအတွင်းဝန်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။ (ယာဝုံ)

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာဇပြည့်က နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် ယခုကျင်းပပြုလုပ်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း၊ Nation Building တွင် လူငယ်များကို ပါဝင်စေလိုကြောင်း၊ လူငယ်များအား ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးလိုကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်သည် လူငယ်များဖြစ်ကြောင်း၊ ကျောင်းနေအရွယ် လူငယ်များကိုစုစည်း၍ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အယူအဆ အတွေးအခေါ်များကို ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းကော်မတီဖွဲ့စည်းမည့် ကိစ္စများကိုလည်း အကြံပြုဆွေးနွေးဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ယခုကျင်းပပြုလုပ်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား အလုပ်ရုံဆွေးနွေးပွဲ၏ အကြံပြုချက်များအရ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ နိုင်ငံတည်ဆောက်ရေးတွင် အရေးပါသည့် လူငယ်များ၏ အခန်းကဏ္ဍကို ငြိမ်းချမ်းရေးနှင့် ချိတ်ဆက်၍ ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ နိုင်ငံတည်ငြိမ်ရေးဌာန လူငယ်များအနေဖြင့် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပူးပေါင်းပါဝင်လာစေရန်အတွက် လမ်းကြောင်းများ ဖော်ထုတ်ပေးရန်လိုအပ်ကြောင်းနှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးလုပ်ငန်းကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြပြီး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မတူကွဲပြားသည့် တိုင်းရင်းသားမျိုးနွယ်များ၊ နေရာဒေသနှင့် လူမှုစီးပွားနောက်ခံအမျိုးမျိုးမှ လူငယ်များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသော အနာဂတ်ကို ပုံဖော်ရာတွင် အဓိပ္ပာယ်ပြည့်ဝသော အခန်းကဏ္ဍမှ ပါဝင်လာစေရန် လွန်ခဲ့သည့်နှစ်အရေးကြီးသည့်အတွက် Youth Peace Forum 2026 ဆွေးနွေးပွဲကို မတူညီသော နောက်ခံအကြောင်းအရာနှင့် အလွှာအသီးသီးမှ လူငယ်များအတွက် ၎င်းတို့၏ အမြင်များကို မျှဝေရန်၊ အပြန်အလှန် ယုံကြည်မှုခိုင်မြဲရန်၊ လူမှုသဟဇာတဖြင့်တင်ခြင်းတွင် ၎င်းတို့၏ အခန်းကဏ္ဍကိုရှာဖွေရန်နှင့် ဘက်ညီသော အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်စက်မှုဇုန်အတွင်း စက်မှုလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုကြည့်ရှု

လွိုင်ကော် ဒီဇင်ဘာ ၁၂

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက တာဝန်ယူဆောင်ရွက်သည့် လွိုင်ကော်စက်မှုဇုန်အတွင်းရှိ ကတ္တရာလမ်း ၈ လမ်း၊ စုစုပေါင်းအရှည် ၁၁၀.၂၇ ပေ ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည်အသုံးပြုနိုင်ရေး စနစ်တကျထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စက်မှုဇုန်အတွင်းရှိ ရွှေလွိုင်ကော်အဆင့်မြင့်ပရိဘောဂ စက်ရုံ ပြန်လည်လည်ပတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ပအိုဝ်းပေးဆီစက်ရုံနှင့် ထိန်အောင်လင်းဆန်စက်များ လည်ပတ်ဆောင်ရွက်နေမှုတို့ကို လုပ်ဆောင်သည့် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအမြန်ဆုံး စတင်နိုင်ရေး၊ ကုန်ကြမ်းများ ပြတ်လပ်မှုမရှိစေရေးနှင့် ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားကာ လုပ်ငန်းရှင်များ၏ တင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်နွားလုပ်ကျေးရွာရှိ ဥစ္စာကြက်မွေးမြူရေးခြံ၌ ဥစ္စာကြက်ကောင်ရေ တစ်သောင်းတိုးချဲ့မွေးမြူနိုင်ရေး မီးကိုင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဝက်မွေးမြူရေးခြံ၌ မျိုးဝက်၊ အသားတိုးဝက်များ ပြန်လည်မွေးမြူနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြေနီကုန်းမြို့ဦးရပ်ကွက် အသားတိုးကြက်မွေးမြူရေးခြံ၌ အသားတိုးကြက်များ မွေးမြူထားရှိမှုကိုလည်းကောင်း လုပ်ဆောင်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေးခြံများတွင် တိရစ္ဆာန်ကူးစက်ရောဂါများ ကျရောက်မှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန်နှင့် ကြက်မွေးမြူမှုများ ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

ပြည်မြို့၌ မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို မြေပဲဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ပြည် ဒီဇင်ဘာ ၁၂

ပြည်မြို့နယ်၌ သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့က မြို့နယ်သမဝါယမအသင်းပိုင် အရောင်းဆိုင်၌ ပြည်ဖြိုးဟိန်း ဆီစက်လုပ်ငန်း စက်မှုကုန်ထုတ် သမဝါယမအသင်းမှ ထွက်ရှိသော မြေပဲဆီများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို မြို့နယ်

သမဝါယမဦးစီးဌာနမှ အရာရှိနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရာဇအောင်မြေစေတီတော် တည်ဆောက်နေမှုနှင့် ထီးတော်တင်လှူနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

မန္တလေး ဒီဇင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငကွနလေးကျေးရွာရှိ ရာဇအောင်မြေစေတီတော် တည်ဆောက်နေမှုနှင့် ထီးတော်တင်လှူနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သံဃာတော်များအားဖူးမြော်၍ ရာဇအောင်မြေစေတီတော် တည်ဆောက်နေမှုနှင့် ထီးတော်တင်လှူနိုင်ရေး လုပ်ငန်းဆိုင်ရာများကို လျှောက်ထားပြီး ဩဝါဒခံယူကာ အောင်မြေကျောက်ဂူအပေါ်တွင် ရာဇအောင်မြေစေတီတည်ဆောက်ခြင်း၊ ရင်ပြင်တော်အား ကွန်ကရစ်လောင်းခြင်းလုပ်ငန်းပြီးစီးမှု၊ ရင်ပြင်တော်ပေါ်သို့တက်ရန် ကွန်ကရစ်လမ်း ဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် သပြေညီနောင်အောင်ဧယျာမုနိဗောဓိတော်အား ဖူးမြော်ကြည်ညိုပြီး ပြင်ဦးလွင်မြို့ ဘူတာအနီးရှိအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဥပစာရ္ဂေတွင် ကျောင်းသား ကျောင်းသူများနှင့် လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ၁၀ ပေအကျယ်ရှိ လူသွားပလက်ဖောင်း တည်ဆောက်သွားနိုင်ရန်နှင့် ပြင်ဦးလွင်ဘူတာအနီးရှိ အောင်ဧယျာလမ်းမ တိုးချဲ့နိုင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် သုမင်္ဂလာဈေး (ညတောဈေး) အဆင့်မြှင့်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ အဆင့်အလိုက်ဆောင်ရွက်နေမှု၊ ဆိုင်ခန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု၊ စီမံကိန်းတစ်ခုလုံး၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ခြောက်နာရီကြာ Solar System ဖြင့် ပံ့ပိုးပေးနိုင်ရန်အတွက် Solar Panel များ တပ်ဆင်နေမှုနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း သမိုင်းချောင်း၊ သီရိမင်္ဂလာဈေးနှင့် ရွှေပိတောက်ငါးဈေးတို့တွင် ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသပ်ရပ်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက သမိုင်းချောင်း၊ သီရိမင်္ဂလာဈေးနှင့် ရွှေပိတောက်ငါးဈေးတို့တွင် ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသပ်ရပ်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ သမိုင်းချောင်းတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်ယန္တရားဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ အမှိုက်များသတ်မှတ်နေရာများ၌ စွန့်ပစ်နိုင်ရေး ဆောင်ရွက်ရန်၊ ရေမြောင်းအတွင်း အနှံ့ဆိုးများ ကင်းရှင်းအောင် ဆောင်ရွက်ရန်၊ ရေထွက်ပေါက်များကို အမှိုက်များ ပိတ်ဆို့မှုမရှိစေရေးနှင့် ရေများ သက်ဆိုင်ရာမြစ်များ၊ ချောင်းများအတွင်းသို့ စီးဆင်းနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လှိုင်မြို့နယ် (၄)ရပ်ကွက် သီရိမင်္ဂလာဈေးရှိ ဈေးရုံများတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေထွက်မြောင်းများ ဆောင်ရွက်နေမှုများ၊ ပျက်စီးနေသည့် အမိုးများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု၊ လှိုင်မြစ်ကမ်းနံဘေး၌ ကုန်စိမ်းများ လာရောက်ပို့ဆောင်နေမှုများ၊ ဈေးဆိုင်ခန်းများ၌ ဈေးရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်၊ အမှိုက်များအား ဈေးရောင်းချသူများကပါ စနစ်တကျ စွန့်ပစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် လုပ်ငန်းများအား အချိန်တိုအတွင်း ပြီးစီးရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ကိုက်ညီစွာဖြင့် ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် လှိုင်မြို့နယ် (၄) ရပ်ကွက် ရွှေပိတောက်ငါးဈေးရှိ ဈေးရုံများတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေထွက်မြောင်းများ ဆောင်ရွက်နေမှုများနှင့် အနှံ့ဆိုးများ ကင်းရှင်းရေးအတွက် ရေကားများဖြင့် ပက်ဖျန်း၍ ဆောင်ရွက်နေမှုများ၊ ဈေးဆိုင်ခန်းများ၌ ဈေးရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

ကရင်သက္ကရာဇ် ၂၇၆၅ ခု ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှာကမြင်ကွက်သစ် ချယ်ရီ(၂)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

ဘားအံ ဒီဇင်ဘာ ၁၂

ကရင်သက္ကရာဇ် ၂၇၆၅ ခု ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ လှာကမြင်ကွက်သစ် ချယ်ရီ (၂)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကွန်ကရစ်လမ်းသစ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောဖြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က လှာကမြင်မြို့ကွက်သစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ရှုစ်လမ်း၊ Box Culvert လေးစင်း၊ ရေနုတ်မြောင်းတစ်ခု၊ အားကစားရုံသစ်၊ ကားပါကင်နှင့် မြေယာရှုခင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဖြည့်စွက်ရန်ပုံငွေတွင်လည်း ကွန်ကရစ်လမ်း ရှုစ်လမ်းကို ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ဒေသခံများ၏လိုအပ်ချက်နှင့် နောင်လူဦးရေသိပ်သည်းမှုကိုခန့်မှန်း၍ ရေရှည်တည်တံ့သော မြို့ပြစီမံကိန်း(Sustainable Urban Plan) ရေးဆွဲကာ အကောင်းဆုံးကြိုးစား ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လှာကမြင်ကွက်သစ်နေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ **(ယာပုံ)** ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့နှင့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ လမ်းသစ်အား ဖြတ်သန်းကြည့်ရှုသည်။

လမ်းသစ်ဖွင့်ပွဲ အပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့နယ် အိန္ဒကျေးရွာ အိန္ဒုပအိုင်း ကျောင်းတိုက်ခမ္မာရုံ၌ ကရင်ပြည်နယ် အစိုးရအဖွဲ့ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဆိုလာ တပ်ဆင်ခြင်းဆိုင်ရာ သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းများဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ဖွင့်လှစ်ခဲ့သော သင်တန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော သင်တန်းသားများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ပထမဆုရ ဆောင်းပါး

လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး

ဦးဝမ်းယုနောင်

၂၁ ရာစုသို့ ရောက်သည့်တိုင်အောင် လူမှုပတ်ဝန်းကျင်အသီးသီးတွင် မသန်စွမ်းဟူသောလူတန်းစားသည် အဖိနှိပ်ခံ၊ ဖယ်ကြဉ်ခံအဖြစ် ရပ်တည်နေရဆဲဖြစ်သည်။ ၎င်းအကျိုးဆက်ကပင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်ကို ဆုတ်ယုတ်လျက်ရှိကြောင်း သတိမမူမိသူများကလည်း ဒုနဲ့ဒေး ရှိကြပြန်သည်။

- **မသန်စွမ်းသူများ၏ အတားအဆီးများကို ဖယ်ရှားနိုင်ရန်အတွက်ဆိုလျှင် မသန်စွမ်းသူများ လက်လှမ်းမမှီနိုင်သော အဆောက်အအုံများ ဖန်တီးပေးခြင်း၊ အချက်အလက်များ၊ အလုပ်အကိုင်နှင့်ဆိုင်သောမူဝါဒများ၊ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ချင်းစာတရားပြည့်ဝသော စိတ်ဓာတ်ပြောင်းလဲမှုများ စသည်တို့ကသာ အဓိကလိုအပ်ချက်များဖြစ်**
- **မသန်စွမ်းသူများသည် နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်တစ်ခုဆိုသည်မှာ သေချာတိကျလွန်းသည်။ နိုင်ငံတော်အား အဘက်ဘက်မှ ဝိုင်းဝန်းတည်ဆောက်နေချိန်တွင် ချန်လှပ်ထား၍ (လုံးဝ)မဖြစ်နိုင်ပါ။ မသန်စွမ်းသူများကို သူတို့၏ ကျွမ်းကျင်သည့် လူမှုအဖွဲ့အစည်းများတွင် ပါဝင်ခွင့်၊ ဦးဆောင်ခွင့်ပေးမှသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကလည်း ပိုမိုမြန်ဆန်လိမ့်မည်**

ကမ္ဘာပေါ်ရှိ လူသားမျိုးနွယ်စုအားလုံးကို သက်ရှိခန္ဓာကိုယ်တစ်ခုအသွင်ဖြင့် ခိုင်းနှိုင်းကြည့်လျှင် မသန်စွမ်းဟူသော လူသားများသည် ၎င်းခန္ဓာကိုယ်၌ပါဝင်သော ခြေလက်အင်္ဂါအစိတ်အပိုင်းတစ်ခုမျှသာဖြစ်သည်။ ၎င်းဥပမာအတိုင်းပင် မသန်စွမ်း လူတန်းစားများအား ဖယ်ရှားချိုးနှိမ်ရန် ပြုလုပ်နေခြင်းသည် မိမိတို့လူသားမျိုးနွယ်စုကြီးတစ်ခုလုံး၏ ခြေလက်အင်္ဂါတစ်ခုခုကို ဖြတ်တောက်လိုက်ခြင်းနှင့် အလားသဏ္ဌာန်တူပေသည်။ ထို့ကြောင့် မသန်စွမ်းသူအား ဖယ်ကြဉ်ခြင်းအားဖြင့် မိမိတို့ကိုယ်တိုင် မသန်စွမ်းဖြစ်လျက်ရှိသည်ကို သတိချပ်ကြရမည်သာ ဖြစ်တော့သည်။

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်

အကြောင်းတရားအမျိုးမျိုးကြောင့် မသန်စွမ်းဘဝသို့ရောက်ရှိနေရသူများ၏အရေးကို ရှေးရှုကာ ကမ္ဘာ့ကုလသမဂ္ဂအတွေ့ထွေညီလာခံမှ (၁၉၈၁) ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်" အဖြစ်သတ်မှတ်ရန် သဘောတူညီချက်ချမှတ်ခဲ့ကြသည်။ ထပ်မံ၍ ၁၉၈၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ကာလကို "အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများဆယ်စုနှစ်" အဖြစ် သတ်မှတ်ခဲ့ကြပြန်သည်။ ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂအတွေ့ထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အမှတ် ၄၇/၃ အရ (၁၉၉၂) ခုနှစ်မှစတင်၍ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Persons with Disabilities) အဖြစ် စတင်သတ်မှတ်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့သည် မသန်စွမ်းသူများအတွက် အခွင့်အရေးများကို အားပေးခြင်း၊ လူမှုအသိုင်းအဝိုင်း အတွင်း အတားအဆီးများကို ဖယ်ရှားခြင်းနှင့် အပြည့်အဝပါဝင်နိုင်ရန် အားပေးခြင်း စသည်တို့အတွက် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

တစ်နည်းဆိုရသော် မသန်စွမ်းသူများသည် လူမှုအသိုက်အဝန်းအားလုံးတွင် ကောင်းမွန်ပြည့်စုံသော အပြောင်းအလဲများကို ဖန်တီးနိုင်သကဲ့သို့ ငြိမ်းချမ်းရေးအသွင်ကို ဖော်ဆောင်နိုင်သူများအဖြစ် လည်း ရပ်တည်ကြလျက်ရှိသည်။ ထို့ကြောင့်ပင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပသော ဒုတိယအကြိမ် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာ့ထိပ်သီးအစည်းအဝေး(WSSD2)တွင် မသန်စွမ်းသူများကို လူမှုဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်နိုင်ရန် အဓိကအာရုံစိုက်ခဲ့ကြပါသည်။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ဆောင်ပုဒ်ကို **"Fostering disability inclusive societies for advancing social progress" (လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး)** ဟူ၍ ဖော်ဆောင်ချမှတ်ထားခြင်းလည်း ဖြစ်ပါသည်။

မသန်စွမ်းသူများရင်ဆိုင်ကြုံတွေ့ရသည့် အတားအဆီးများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းခန့်၊ ခန့်မှန်းအားဖြင့် ၁ ဒသမ ၃ ဘီလီယံကျော်သည် မသန်စွမ်းသူများဖြစ်ကြပါသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် မသန်စွမ်းသူမရှိသော နေရာဒေသ၊ နိုင်ငံ ဟူ၍ မရှိပါ။ ပဝေါက်အောင်လည်း လုပ်ယူနိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍ မသန်စွမ်းခြင်းဟူသည် ပြဿနာ အရင်းအမြစ်တော့မဟုတ်ပေ။ မသန်စွမ်းသူများအား လူမှုအဖွဲ့အစည်းများတွင် အများနည်းတူ ပါဝင်ခွင့်မရအောင် ဟန့်တားထားသော အတားအဆီးများကသာ ပြဿနာအရင်းအမြစ်ဖြစ်ပေသည်။

အဓိကအတားအဆီးလေးမျိုးမှာ ရုပ်ပိုင်းဆိုင်ရာ အတားအဆီး၊ သဘောထားခံယူချက်ဆိုင်ရာ အတားအဆီး၊ မူဝါဒဆိုင်ရာအတားအဆီးနှင့် ဆက်သွယ်မှုဆိုင်ရာ အတားအဆီးတို့ပင် ဖြစ်သည်။ လေ့လာကြည့်သောအခါ ကိုယ်ပိုင်အရည်အချင်းနည်းပါးခြင်းကြောင့်မဟုတ်ဘဲ လူမှုအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်နှင့် မူဝါဒစနစ်များကြောင့် ဖြစ်သည်ကို တွေ့ရှိရသည်။ ၎င်းအကျိုးဆက်အနေဖြင့် မသန်စွမ်းသူများအား လူမှုအဖွဲ့အစည်းများတွင် အပြည့်အဝပါဝင်နိုင်မှုကို ထိခိုက်လာစေသည်။ ပညာရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍများတွင် လက်လှမ်းမမှီနိုင်ရန် အကန့်အသတ်များ ဖြစ်လာစေပါသည်။ သို့ဖြစ်၍ မသန်စွမ်းသူများ၏ အတားအဆီးများကို ဖယ်ရှားနိုင်ရန်အတွက်ဆိုလျှင် မသန်စွမ်းသူများ လက်လှမ်းမီနိုင်သော အဆောက်အအုံများ ဖန်တီးပေးခြင်း၊ အချက်အလက်များ၊ အလုပ်အကိုင်နှင့်ဆိုင်သောမူဝါဒများ၊ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ချင်းစာတရားပြည့်ဝသော စိတ်ဓာတ်ပြောင်းလဲမှုများ စသည်တို့ကသာ အဓိကလိုအပ်ချက်များ ဖြစ်ပေတော့သည်။

မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဆောင်ရွက်မှုများ

ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့်ပင် မသန်စွမ်းသူများ၏အခွင့်အရေးများနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲစေနိုင်ရေးအတွက် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on the Rights of Person with Disabilities – UNCRPD) ကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၁ရာစုစ၏ မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ ပထမဆုံးစာချုပ်ဟု ဆိုနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဧပြီလအရောက်တွင်မူ လက်မှတ်ပါဝင်ရေးထိုးသော နိုင်ငံပေါင်း ၁၆၄ နိုင်ငံအထိ ရှိခဲ့ပြီး မြန်မာနိုင်ငံသည်လည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေး အပြည့်အဝရရှိစေရေးအတွက် နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ပါသည်။

ထပ်မံ၍ ကုလသမဂ္ဂသည် မသန်စွမ်းသူများအားလုံး အပြည့်အဝပါဝင်ခွင့်ရရှိရန် မဟာဗျူဟာတစ်ရပ်ဖြစ်သည့် ကုလသမဂ္ဂမသန်စွမ်းသူများ ပါဝင်မှု မူဝါဒ UNDIS (United Nations Disability Inclusion Strategy) ကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ၎င်းဗျူဟာကြောင့်ပင် ကုလသမဂ္ဂအဖွဲ့အစည်းများအတွင်း မသန်စွမ်းသူများ ပါဝင်မှုတိုးတက်လာစေခဲ့သည်။ ထိုထက်မက မဟာဗျူဟာသည် ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များ (Sustainable Development Goals – SDGs) နှင့် ချိတ်ဆက်နိုင်ခဲ့ပြီး ၎င်းအစီအမံများတွင် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား ဆောင်ရွက်နိုင်ခဲ့ပါသည်။

အာဆီယံအနေဖြင့်လည်း မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အခက်အခဲအတားအဆီး တစ်ခုဖြစ်သော "နိုင်ငံရေးတွင်ပါဝင်ခွင့်" ဆိုသည့်အခွင့်အရေးကိုလည်း ရှေးရှုဆောင်ရွက်ပေးခဲ့ပါသည်။ မသန်စွမ်းသူများလက်လှမ်းမီပါဝင်ရေး အထွေထွေရွေးကောက်ပွဲကွန်ရက် (AGENDA) အဖွဲ့၏ ဦးဆောင်မှုဖြင့် မသန်စွမ်းသူများအခွင့်အရေး ဆိုင်ရာ အာဆီယံအထောက်အကူပြုစီမံချက် (၂၀၂၅) ကို ရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မသန်စွမ်းသူများ ပါဝင်သော လူ့အဖွဲ့အစည်းများအား ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရာတွင် ကုလသမဂ္ဂ၏ဦးဆောင်မှုဖြင့် ကြိုးပမ်းနေသကဲ့သို့ အာဆီယံအသိုက်အဝန်းအနေဖြင့်လည်း စနစ်တကျအကောင်အထည်ဖော်လျက်ရှိသည်ကို အားရဖွယ်ရာ တွေ့ရှိရပါသည်။

မသန်စွမ်းဆိုင်ရာ မြန်မာနိုင်ငံအတွင်း ကြိုးပမ်းဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ (၂၀၁၇)စသည်တို့ကို ပြဋ္ဌာန်းခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ၅ နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကိုလည်း ရေးဆွဲ၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၂)တွင် မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်မည်ဟုလည်းကောင်း၊ မသန်စွမ်းဖြစ်သွားသော တပ်မတော်သားများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန် စီမံဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများအား လူမှုအဖွဲ့အစည်းအားလုံးတွင် ပါဝင်နိုင်စေရေးအတွက် ပညာရေးကဏ္ဍကလည်း အခြေခံဒေါက်တိုင်တစ်ခုဖြစ်သည်ကို နားလည်သည့်အားလျော်စွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မသန်စွမ်းသူများ အခြေခံပညာနှင့် အသက်မွေးဝမ်းကြောင်း ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းများစနစ်တကျ ဖွင့်လှစ်ထားရှိခဲ့ပါသည်။

နည်းပညာအခန်းကဏ္ဍတွင်လည်း အဖြင့် အာရုံချို့တဲ့သူများအတွက် ကွန်ပျူတာပညာရပ်များကို ကမ္ဘာ့အဆင့်မီ သင်ကြားပို့ချပေးလျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းစကားတွင် **"AI ကဲ့သို့ ဉာဏ်ရည်တုနည်းပညာတွေကို ပုံဖော်ဖန်တီးနေချိန်မှာ မသန်စွမ်းသူတွေရဲ့ မရှိမဖြစ်အရေးပါတဲ့ကဏ္ဍကို အသိအမှတ်ပြု ထည့်သွင်းနိုင်အောင် ကြိုးစားကြပါ။ လူမှုအသိုက်အဝန်းအနှံ့ ပြောင်းလဲလာအောင် တွန်းအားပေးကြပါ"** ဟု ဆိုထားရာ ၎င်း၏ အဆိုစကားသည် မသန်စွမ်းသူများ ပါဝင်သောလူ့အဖွဲ့အစည်းအား မြှင့်တင်ပေးသည့်သဘောကို အားရဖွယ်ရာ မှတ်သားခဲ့ဖူးပါသည်။ လူမှုအဖွဲ့အစည်းများမြှင့်တင်ရာတွင် မသန်စွမ်းသူများ၏ နည်းပညာစွမ်းရည် တိုးတက်မြင့်မားလာရေးသည်လည်း မဖြစ်မနေလိုအပ်ချက်တစ်ခုဖြစ်ကြောင်း သုံးသပ်မိတော့သည်။

မသန်စွမ်းသူများအတွက် ဂီတပညာရပ်များတွင်လည်း အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်နိုင်လောက်သည့်အဆင့်ထိ လေ့ကျင့်ပျိုးထောင်နေသည်ကိုလည်း *စာမျက်နှာ ၁၃ သို့*

တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း၌ RCလေးခန်းတွဲ လေးထပ် အရာထမ်းဝန်ထမ်းအိမ်ရာ တည်ဆောက်

နေပြည်တော် ဒီဇင်ဘာ ၁၂

တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း၌ RC လေးခန်းတွဲ လေးထပ် အရာထမ်းဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ၊ သင်တန်းကျောင်း လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု သံသေကျေးရွာ၌ ကျင်းပသည့် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲနှင့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲ တက်ရောက်ရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ ရေမြေရာသီဥတုနှင့် ကိုက်ညီ၍ စီးပွား ရေး တွက်ခြေကိုက်ပြီး နိုင်ငံ့စီးပွားရေးကို အထောက် အကူပြုနိုင်သည့် ပဲပုပ်နှင့် ဂျုံသီးနှံတို့ကို ပြည်နယ်၏ အဓိကသီးနှံ ၁၃ မျိုးတွင် ထည့်သွင်းသတ်မှတ်နိုင် ရေးအတွက် အဆိုပြုတင်ပြဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်နေသည့် တောင်သူ များအနေဖြင့် မျိုးကောင်း၊ မျိုးသန့်သုံးစွဲခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ကောင်းစွာ နားလည်မည်ဟု ယုံကြည်ပါကြောင်း ပြောကြား သည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများကို အသုံးပြုစိုက်ပျိုးရန်၊ တောင်သူများ ကိုယ်တိုင် ပူးပေါင်းပါဝင်သည့် စိုက်ပျိုးထုတ်လုပ်ခြင်း များ ဆောင်ရွက်ရန်၊ တောင်သူများအနေဖြင့် အရည် အသွေးကောင်းမျိုးသုံးရန်၊ မျိုးစေ့နှုန်းထား ချွေတာ ရန်၊ ရေကိုချွေတာသုံးစွဲရန်၊ ရိတ်သိမ်းချိန်တွင် အလေ အလွင့်နည်းအောင် ဆောင်ရွက်ရန် အပါအဝင် စိုက်ပျိုးရေး နည်းပညာများနှင့် စပ်လျဉ်း၍ ရှင်းလင်း

ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားကာ တောင်သူတစ်ဦး၏ စူပါဆန်း နေကြာ သီးနှံစံပြကွက်ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တောင်ကြီးမြို့ ထီသိမ် View Point သွားလမ်းပြုပြင်ဆောင်ရွက်မည့်နေရာကို ကြည့်ရှု စစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (သာယာဝတီ) ဒဿမအကြိမ်မြောက် စိုက်ပျိုးရေး ဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာအောင်လက်မှတ်အပ်နှင်း

နေပြည်တော် ဒီဇင်ဘာ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သာယာဝတီ)၏ ဒဿမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာ အောင် လက်မှတ်အပ်နှင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ စိုက်ပျိုးရေး နှင့် မွေးမြူရေးသိပ္ပံ(သာယာဝတီ)မှ စီမံခန့်ခွဲရေးနှင့် ပညာရေး အဖွဲ့ဝင်များ၊ ဆရာ ဆရာမ များ၊ သာယာဝတီ၊ ထားဝယ်နှင့် ကျောက်တော်တို့မှ ကျောင်းဆင်း မောင်မယ်များနှင့် မိဘဆွေမျိုး များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီးက ယနေ့သည်စိုက်ပျိုးရေး နှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ) တွင် သုံးနှစ်တာကာလအတွင်း စာတွေ့လက်တွေ့ သင်ယူပေါက် မြောက်ခဲ့မှုကို နိုင်ငံတော်က အသိ အမှတ်ပြုသည့် နေ့တစ်နေ့ဖြစ် ကြောင်း၊ ယခုအောင်မြင်မှုမှ ပို၍ ကြီးမားခက်ခဲသော စိန်ခေါ်မှုများ ကို ဖြတ်ကျော်နိုင်ကြစေရန် ခွန်အား သစ်များ မွေးမြူသွားကြရန်နှင့် စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ မွေးမြူရေး သိပ္ပံဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့ များအထိရရှိအောင် ကြိုးစားကြ စေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အဆင့်မြင့် ပညာရပ်များ ဆက်လက်လေ့လာ သင်ယူခွင့်ရရှိကြစေရန် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေး ဆိုင်ရာ ဆေးတက္ကသိုလ်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)ကို ဖွင့်လှစ် ပေးထားပြီးဖြစ်ကြောင်း၊ တောင်သူ များထံ ခေတ်မီနည်းပညာများ ရောက်ရှိရေး၊ ဈေးကွက်အသစ် များ ဖော်ဆောင်ပေးရေး၊ ရှိပြီး ဈေးကွက်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးရေး၊ တန်ဖိုးမြင့် ကုန်ချောများ ထုတ်လုပ်နိုင်စေရေး နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများ တွင်ကျယ်စွာ လုပ်ဆောင်နိုင်ရေး စသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ကျရာအခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ၊ ထားဝယ်နှင့် ကျောက်တော်)တို့မှ စိုက်ပျိုးရေး ဒီပလိုမာသင်တန်းနှင့် မွေးမြူရေး ဒီပလိုမာသင်တန်း ပထမနှစ်မှ တတိယနှစ်အထိ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိ သူများအား ဂုဏ်ပြုဆုများ ချီးမြှင့် ပေးအပ်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူ ရေးသိပ္ပံ(သာယာဝတီ) ကျောင်း အုပ်ကြီးက စိုက်ပျိုးရေး ဒီပလိုမာ ဘွဲ့ ၂၄၈ ဦးနှင့် မွေးမြူရေး ဒီပလိုမာဘွဲ့ ၂၆ ဦးအား ဆိုင်ရာ အောင်လက်မှတ်များ ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တံတားဦးမြို့နယ်အတွင်း KG တန်း ကျောင်းသား ကျောင်းသူများအား ပဉ္စမအကြိမ် ကျောင်းတွင်းနေ့လယ်စာ အာဟာရကျွေးမွေး

မန္တလေး ဒီဇင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းမှ အခြေခံပညာ ကျောင်းပေါင်း ၁၂ ကျောင်းတွင် ပညာသင်ယူနေသော KG တန်းမှ ကျောင်းသား ကျောင်းသူ ၂၁၀၁ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ် ကျောင်းတွင်းနေ့လယ်စာ ပဉ္စမအကြိမ် အာဟာရကျွေးမွေးမှုကို ယမန်နေ့က တံတားဦးမြို့ စကားအင်းအခြေခံပညာအထက်တန်း ကျောင်း(ခွဲ)နှင့် ပန်းယျအခြေခံပညာမူလတန်းကျောင်းတို့တွင် ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာ တံတားဦး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းပြိမ်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူ များက KG တန်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး ကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့သည် တောင်ဘီလူးအခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ KG တန်းမှ ကျောင်းသား ကျောင်းသူများနှင့် စကားအင်းအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် ပန်းယျအခြေခံပညာမူလတန်းကျောင်း ရှိ KG တန်းမှ ကျောင်းသား ကျောင်းသူများကို အစားအစာအမျိုးအမည် ငါးမျိုးတွင် ပါဝင်သည့် အစားအစာများအား အာဟာရကျွေးမွေးခြင်းကို လုပ်ဆောင်ကြသည်။

မြို့နယ်(ပြန်/ဆက်)

စာမျက်နှာ ၁၂ မှ

တွေ့ရပါသည်။ နိုင်ငံတော်အဆင့် သီချင်းဆိုပြိုင်ပွဲ တွင် အမြင်အာရုံမသန်စွမ်းသူ အဆိုတော်အောင်ကိုကို က အကဲဖြတ်ဒိုင်လူကြီးအဖြစ် ပါဝင်ဆောင်ရွက် သည်မှာ လေးစားအတုယူစရာ ကောင်းလှပါ သည်။ ထိုမျှမက မသန်စွမ်းသူတစ်ယောက် ပါဝင် ဆောင်ရွက်နေသော ပြိုင်ပွဲ၊ တစ်နည်းဆိုရသော် လူ့အဖွဲ့အစည်းတစ်ခုကလည်း ထိပ်ဆုံးနေရာ၌ ရပ်တည်အောင်မြင်နိုင်သည်ဆိုသော သာဓကကို အများပြည်သူအားလုံးအား မီးမောင်းထိုးပြနိုင်ခဲ့ ပါသည်။

ထိုမျှမက **"မသန်သော်လည်းစွမ်းကြသည်"** ဟုဆိုနိုင်သော မသန်စွမ်းသူတို့၏ အားကစားကဏ္ဍ ဖွံ့ဖြိုးရေးအတွက်လည်း "မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကို ၁၉၈၉ ခုနှစ်ကတည်းက ဖွဲ့စည်းတည်ထောင်ခဲ့ပြီးဖြစ်သည်။ မသန်စွမ်းအား ကစားသမား စိုးပေသည် အရှေ့တောင်အာရှအဆင့် ဦးသာမက ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင်ပါ ဆုတံဆိပ် မြောက်မြားစွာကို ဆွတ်ခူးနိုင်သူတစ်ယောက်အဖြစ် ကျော်ကြားလှပါသည်။ ထိုပြင် ၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သော အမျိုးသားအားကစားပွဲတော်တွင် လည်း သန်စွမ်းသူအားကစားသမားများပင်ရှိ ရန်ခက်ခဲသည့် အခွင့်အရေးတစ်ခုဖြစ်သော မီးရှူး တိုင် သယ်ဆောင်ခြင်းအစီအစဉ်တွင် မသန်စွမ်းအား ကစားသမားစိုးပေက ပါဝင်ခွင့်ရခဲ့သည်ကို ဂုဏ်ယူလေးစားဖွယ်ရာ တွေ့ရှိခဲ့ရပါသည်။

မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းအား ဖြင့်တင်ကြပါစို့

သို့ဖြစ်၍ မသန်စွမ်းသူများသည် နိုင်ငံတော် အတွက်အဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်း အမြစ်တစ်ခုဆိုသည်မှာ သေချာတိကျလွန်းသည်။ နိုင်ငံတော်အား အဘက်ဘက်မှ ပိုင်းဝန်းတည်ဆောက် နေချိန်တွင် ချန်လှပ်ထား၍ (လုံး၀)မဖြစ်နိုင်ပါ။ မသန်စွမ်းသူများကို သူတို့၏ကျွမ်းကျင်သည့် လူမှု အဖွဲ့အစည်းများတွင် ပါဝင်ခွင့်၊ ဦးဆောင်ခွင့်ပေးမှ သာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ကလည်း ပိုမိုမြန်ဆန်လိမ့်မည်ဖြစ်ပါသည်။ နိုင်ငံတော် အနေဖြင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (Sustainable Development Goals – SDGs) ၂၀၃၀ အစီအစဉ်ကို ကတိကဝတ်ပြု လက်ခံထားရှိပြီး ဖြစ်ပေရာ **"မည်သူမျှနောက်ကျ မကျန်ရစ်စေရေး"** ဟူသည့် ဆုံးဖြတ်ချက်နှင့် အညီ အစိုးရအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် မသန်စွမ်းအဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့ အစည်းများသည် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ "မသန်စွမ်းသူများ ပါဝင်သော လူ့အဖွဲ့အစည်းများ အား ပိုင်းဝန်းမြှင့်တင်ကြပါစို့" ဟု တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

❍ *ကျောဖုံးမှ*

ပိုက်ကျော်ခြင်း၊ ကရာတေး၊ ပီတန်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ခို၊ ကျွမ်းဘား၊ ကဘာဒီ၊ စကိတ်၊ ဂေါက်သီးရိုက်၊ ကနူး ကယက်၊ ရွက်လှေ၊ တက်ဂ်ဘော၊ ဟော်ကီပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ် ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးဌေးအောင်၊ မြန်မာ အားကစားအဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက် မြို့ရှိ Suphachalasai Stadium National Stadium ၌ကျင်းပသည့် ပြေးခုန်ပစ် ကြိုးတပ်သံလုံးပစ် ပြိုင်ပွဲတွင် သွယ်သွယ်မိုး ယှဉ်ပြိုင် နေမှုနှင့် ဘန်ကောက်မြို့ရှိ Indoor Stadium Huamark, Sports Authority of Thailand, Bangkok ၌ ကျင်းပလျက်ရှိသည့် ဘော်လီဘော အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှား အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှု ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Thunder Dome Muang Thong Thani, Nonthaburi ၌ကျင်းပသည့် ဘိလိယက်နှင့် စနူကာအားကစားနည်း ဘိလိယက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲတွင် မြန်မာအသင်း မှ ဦးပေါက်စနှင့် စင်ကာပူအသင်းမှ ပိတာဂေးလ်ခရစ်တို့ ယှဉ်ပြိုင် ကစားခဲ့ရာ စင်ကာပူအသင်းမှ ပိတာ ဂေးလ်ခရစ်က ဦးပေါက်စကို သုံးပွဲ ပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာ အသင်းမှ ဦးပေါက်စသည် ၎င်း တံဆိပ်ဆု ရရှိခဲ့သည်။

ယမန်နေ့ ညနေပိုင်းက စနူကာ 6 Red Singles အကြိုဗိုလ်လုပွဲတွင် မြန်မာအသင်းမှ နေမင်းထွန်းက မလေးရှားအသင်းမှ Thor Chaung Leong ကို ၅ ပွဲ ၂ ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ကြေးတံဆိပ်ဆုရရှိခဲ့ သည်။



ဒွေတံဆိပ်ဆု ရရှိခဲ့သည့် ဦးပေါက်စနှင့် ယမန်နေ့ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် နေမင်း ထွန်းတို့အား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ထိုင်း ဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစား နှင့်လူငယ်ရေးရာ အထောက်အကူ ပြုကော်မတီဝင်များနှင့် ဘိလိယက် နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ သည်။

ထို့အတူ ဘန်ကောက်မြို့ရှိ Rajamangla Auditorium Rajamangla University of Technology Thanyaburi ၌ကျင်းပလျက် ရှိသည့် ဂျူနီပြိုင်ပွဲ အမျိုးသား ၅၅ ကီလိုအောက်ပြိုင်ပွဲတွင် မြန်မာ အသင်းမှ ထိုက်ထိုက်ကျော်က တတိယလုပြိုင်ပွဲတွင် ဖိလစ်ပိုင် အသင်းကို အနိုင်ရရှိခဲ့ပြီး မြန်မာ အားကစားအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၁၂ ရက် ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ကရာတေး အမျိုးသမီး ၅၀ ကီလို အောက် တစ်ဦးချင်း ကုမိတ့ဲပြိုင်ပွဲ တွင် မြန်မာအသင်းမှ ဖလောရင့် နေခြည်ထွန်းက ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိခဲ့ပြီး ကနူး မိတာ ၂၀၀ အမျိုးသား ၄ ယောက်လှော် ပြိုင်ပွဲတွင် မြန်မာအသင်းမှ မျိုးလွင်ဝင်း၊ သန့်ဇင်ဦး၊ ကျော်ဇေယျာ၊ ထွဋ်ခေါင်ဇော်၊ သက်ပိုင်ဖြိုးနှင့် အောင်ဖြိုးဟိန်းတို့အတွဲက ဒုတိယ ငွေတံဆိပ်ဆု ရရှိခဲ့သည့်အတွက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဂုဏ်ပြု ဆုတံဆိပ်နှင့် လှေလှော်အားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထိုပြင် ဂျူနီ အားကစားနည်း အမျိုးသား ၅၅ ကီလိုအောက်ပြိုင်ပွဲ တွင် မြန်မာအသင်းမှ ထိုက်ထိုက် ကျော်နှင့် ဖိလစ်ပိုင်မှ အားကစား သမားက ပူးတွဲတတိယ ကြေး တံဆိပ်ဆုများ ရရှိခဲ့သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဒီဇင်ဘာ ၁၁ ရက် ပြိုင်ပွဲများအပြီး တွင် မြန်မာအသင်းအနေဖြင့် ရွှေ တံဆိပ် ၅၈၊ ငွေတံဆိပ် ၇၃၊ ကြေးတံဆိပ် ၁၆၃ ခုဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ရပ်တည်နိုင်ခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၁၂-၁၂-၂၀၂၅

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	ထိုင်း	၆၆	၄၃	၂၈	၁၃၇
၂	ဗီယက်နမ်	၂၄	၁၇	၄၃	၈၄
၃	အင်ဒိုနီးရှား	၂၀	၂၈	၂၄	၇၂
၄	စင်ကာပူ	၁၅	၁၆	၁၈	၄၉
၅	ဖိလစ်ပိုင်	၁၁	၁၆	၃၅	၆၂
၆	မလေးရှား	၁၀	၁၃	၃၃	၅၆
၇	မြန်မာ	၂	၉	၇	၁၈
၈	လာအို	၁	၁	၁၂	၁၄
၉	ဘရူနိုင်း	၀	၁	၃	၄
၁၀	တီမော	၀	၀	၂	၂

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ တတိယကြေးတံဆိပ် ဆုရရှိခဲ့သည့် ကနူး/ကယက် အားကစားအဖွဲ့နှင့် အုပ်ချုပ်မှုအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၂

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကနူး/ကယက် အားကစားအဖွဲ့နှင့် အုပ်ချုပ်မှုအဖွဲ့တို့သည် ယနေ့ညနေ ၆ နာရီ ၃၅ မိနစ်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI) ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြု ကြိုဆိုကြသည်။

ပြန်လည်ရောက်ရှိလာသော မြန်မာ ကနူး/ကယက် အားကစားအဖွဲ့တွင် အမျိုးသမီး ကယက် တစ်ယောက်လှော် ကြေးတံဆိပ်ဆုရှင် ပိုပိုအောင်နှင့် အတူ နည်းပြ၊ အားကစားသမား သုံးဦး၊ အုပ်ချုပ်မှု အဖွဲ့ဝင် ငါးဦး စုစုပေါင်း ၁၀ ဦး ပြန်လည်လိုက်ပါလာ ကြောင်း သိရသည်။

သတင်းစဉ်

“ဘယ်လိုအခက်အခဲတွေရှိပါစေ၊ မူလရည်မှန်းချက် လုံးဝမပျောက်ပျက်ဘဲ အားကစားစိတ်ဓာတ်နဲ့ အကောင်းဆုံးယှဉ်ပြိုင်မယ်၊ နိုင်ငံ့ဂုဏ်ဆောင် ဆုတစ်ခုခု သယ်ဆောင်လာဖို့ ရည်မှန်းကြိုးပမ်းသွားပါမယ် ”

မောင်ဌေးဝင်းအောင်၊ ဘိုးလင်းအားကစားသမား

မောင်မိုးဦး

မောင်ဌေးဝင်းအောင်

ဦးသြဂက်စတင်း

ဦးအောင်နိုင်ဝင်း

ဦးမျိုးအောင်

ဒေါ်ဆွေဇင်ထိုက်

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံကိုယ်စားပြု မာရသွန်၊ လမ်းလျှောက်၊ ဘိုးလင်းနှင့် Squash အသင်းများသည် ပြိုင်ပွဲကျင်းပရာ ဘန်ကောက်၊ ချင်းမိုင်နှင့် ချန်ဘူရီမြို့များသို့ သက်ဆိုင်ရာအုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိရေး ကြိုးပမ်းကာ ပါဝင်ယှဉ်ပြိုင်သွားကြမည့် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည်။

မောင်မိုးဦး

မာရသွန်အားကစားသမား

ဆီးဂိမ်းပြိုင်ပွဲက ၄၂ ဒသမ ၁၉၅ ကီလိုမီတာ မာရသွန်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲအတွက် သုံးနှစ်အချိန်ယူခဲ့တယ်။ ပြီးတော့ ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲအတွေ့အကြုံတွေလည်း ရှိထားပါတယ်။ ပြိုင်ပွဲမှာ ပြိုင်ဘက်ကောင်းတွေ အသင့်စောင့်ကြိုနေတဲ့အတွက် အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ ကျွန်တော့်အတွက် အခု ဆီးဂိမ်းပြိုင်ပွဲကတော့ ပထမဆုံးယှဉ်ပြိုင်တာပါ။ ဒါပေမယ့် တခြားပြိုင်ပွဲ အတွေ့အကြုံကောင်းတွေနဲ့ အကောင်းဆုံးကြိုတင်ပြင်ဆင် လေ့ကျင့်ထားမှုတွေကြောင့် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်တွေနဲ့ ပြန်လာခဲ့ပါ့မယ်။

မောင်ဌေးဝင်းအောင်

ဘိုးလင်းအားကစားသမား

ဆီးဂိမ်းပြိုင်ပွဲမှာ ဘိုးလင်းအားကစားနဲ့ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်တစ်ခုခုရဖို့ မျှော်မှန်းပြင်ဆင်ထားပါတယ်။ အရင်လို မဟုတ်ဘဲ ပြိုင်ပွဲပုံစံပြောင်းထားတယ်လို့ သိရတဲ့အတွက် အခက်အခဲတော့ရှိနိုင်ပါတယ်။ ပြီးတော့ ပါဝင်ယှဉ်ပြိုင်တဲ့ နိုင်ငံတွေမှာ ကမ္ဘာ့ချွန်ပီယံတွေ ပါဝင်နေပါတယ်။ ဒါပေမယ့် ဘယ်လိုအခက်အခဲတွေရှိပါစေ၊ မူလရည်မှန်းချက် လုံးဝမပျောက်ပျက်ဘဲ အားကစားစိတ်ဓာတ်နဲ့ အကောင်းဆုံးယှဉ်ပြိုင်မယ်၊ နိုင်ငံ့ဂုဏ်ဆောင် ဆုတစ်ခုခု သယ်ဆောင်လာဖို့ ရည်မှန်းကြိုးပမ်းသွားပါမယ်။

ဦးသြဂက်စတင်း

မာရသွန်အားကစား နည်းပြ

ပြိုင်ပွဲအတွက် စံချိန်ဝင်တဲ့အားကစားသမားတွေကိုပဲ ရွေးချယ်ထားပါတယ်။ မာရသွန်ပြိုင်ပွဲဟာ (၂၆)မိုင် အပြေးပြိုင်ပွဲဖြစ်တဲ့အတွက် အဓိက စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်ပြည့်ဝနေဖို့ လိုပါတယ်။ ပြိုင်ပွဲမှာ နည်းပြနှစ်ဦးနဲ့ ကစားသမားရှစ်ဦး ပါဝင်ပြီး နိုင်ငံကိုယ်စားပြုအနေနဲ့ မောင်မိုးဦးနဲ့ မောင်စိုးပိုင်တို့က ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ဆီးဂိမ်းပြိုင်ပွဲအတွက် ၂၀၂၃-၂၀၂၄ ခုနှစ်ကတည်းက လေ့ကျင့်ခဲ့တာ ဖြစ်တဲ့အတွက် လေ့ကျင့်မှုအပိုင်းမှာ စံချိန်တိုးတက်လာတယ်၊ ဒါဟာ အားရစရာပါ။ ပြိုင်ဘက်နိုင်ငံတွေကို အထင်သေးလို့ မရတဲ့အတွက် အလွယ်တကူတော့ အောင်မြင်မှုမရနိုင်ပါဘူး။ အကြိတ်အနယ် ယှဉ်ပြိုင်သွားရဖို့ ရှိနေပါတယ်။ ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီခွဲမှာ မာရသွန်ပြိုင်ပွဲကို စတင်မှာပါ။ နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်တွေရရှိဖို့ လေ့ကျင့်ချိန်တွေ အများကြီးပြင်ဆင်ထားပါတယ်။ အကောင်းဆုံးစံချိန်တွေနဲ့ ဆုတံဆိပ်တွေရရှိမယ်လို့ မျှော်လင့်ထားပါတယ်။ အထူးသဖြင့် ရွှေတံဆိပ်ဆုမှန်းထားပါတယ်။ ပြိုင်ပွဲဆိုတာ အားပေးမှုဟာ အဓိကဖြစ်တဲ့အတွက် မြန်မာပြည်သူအပေါင်း အားပေးကြပါလို့ ဒီကနေ ဂါရဝပြုတောင်းဆိုပါတယ်။

ဦးအောင်နိုင်ဝင်း

ပြေးခုန်ပစ်၊ လမ်းလျှောက်အားကစား နည်းပြ

ဆီးဂိမ်းပြိုင်ပွဲက ပြေးခုန်ပစ် အားကစားနည်းများမှာ လမ်းလျှောက် အားကစားနည်းအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ဒီဇင်ဘာ ၉ ရက်မှာ တချို့က ကြိုပြီး သွားရောက်တာ ရှိတယ်။ ဒီဇင်ဘာ ၁၁ ရက်မှာတော့ မိတာ ၁၅၀၀ ပြိုင်ပွဲ စတင်ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။ လမ်းလျှောက်ပြိုင်ပွဲကိုတော့ ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီမှာ ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ၁၆ ရက်အထိ ယှဉ်ပြိုင်ရမှာပါ။ ဆီးဂိမ်းပြိုင်ပွဲအတွက် နိုင်ငံတော်ကလည်း အားပေးသလို အဖွဲ့ချုပ်ကလည်း ဒီနှစ်မှာ ရွှေရရင် ထိုက်တန်စွာ ချီးမြှင့်မယ်လို့ သိထားရတာကြောင့် အားကစားသမားတွေလည်း ပိုပြီးစိတ်ပိုင်းဆိုင်ရာ တက်ကြွနေကြပါတယ်။ ပြီးတော့ ပြိုင်ပွဲအတွက် သေချာပြင်ဆင်ထားတဲ့အတွက် အသင်းအနေနဲ့ ရွှေနှစ်ခုမှန်းထားပါတယ်။

ဦးမျိုးအောင်

ဥက္ကဋ္ဌ၊ ဘိုးလင်းအားကစားအဖွဲ့ချုပ်

ပြိုင်ပွဲမှာ အသင်းအနေနဲ့ တစ်ဦးချင်း နှစ်ယောက်တွဲနဲ့ အဖွဲ့လိုက်ပြိုင်ပွဲတွေမှာ ပါဝင် ယှဉ်ပြိုင်မှာပါ။ ၂၀၂၃ ခုနှစ်ကတည်းက ဘိုးလင်းအသင်းအနေနဲ့ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ရှစ်ဦးနဲ့ လေ့ကျင့်ခဲ့ပြီး နောက်ဆုံးပြိုင်ပွဲအတွက် အမျိုးသား လေးဦး၊ အမျိုးသမီးလေးဦးကို ရွေးချယ်ခဲ့ပါတယ်။ ပြိုင်ပွဲအတွက် အပြည့်အဝ လေ့ကျင့်ထားပြီးသား ဖြစ်တဲ့အတွက် ဆုတစ်ခုခုရရှိဖို့ မျှော်မှန်းထားတယ်။ အသင်းအနေနဲ့ ဒီဇင်ဘာ ၁၄ ရက်ကနေ ၁၇ ရက်အထိ ယှဉ်ပြိုင်သွားရမှာပါ။ ဘိုးလင်းအားကစားနည်းဟာ နိုင်ငံအတွက် အားကိုးအားထားရတဲ့ အားကစားနည်း တစ်ရပ်ဖြစ်တဲ့အတွက် ပြိုင်ပွဲမှာ ရွှေရနိုင်မယ့် အားကစားသမားတွေကို ရွေးချယ် စေလွှတ်ထားပါတယ်။

ဒေါ်ဆွေဇင်ထိုက်

ဥက္ကဋ္ဌ၊ Squash အားကစားအဖွဲ့ချုပ်

အခု ထိုင်းနိုင်ငံ ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာနိုင်ငံအနေနဲ့ Squash အားကစားကို ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ဒီအားကစားနည်းက ဥရောပနဲ့ အာရှမှာ ရှိနေတာတော့ ကြာပါပြီ။ မြန်မာနိုင်ငံမှာ Squash အားကစားကို ထူထောင်ရတဲ့ ရည်ရွယ်ချက်က နောင် နှစ်နှစ်ဆိုရင် L.A မှာ ကျင်းပမယ့် အိုလံပစ်ကော်မတီက အားကစားနည်း ၁၄ နည်းမှာ မြန်မာနိုင်ငံအနေနဲ့ ပါဝင်နိုင်အောင် အခုကတည်းက ဆီးဂိမ်းအမိ Squash အားကစားကို ထူထောင်ခြင်းဖြစ်ပါတယ်။ အဖွဲ့ဝင် ၁၅ ဦး ရှိပါတယ်။ ဒီဇင်ဘာ ၁၄ ရက်မှာ စတင်ယှဉ်ပြိုင်ရမှာပါ။ တစ်ဦးချင်းနဲ့ နှစ်ယောက်တွဲပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲအတွက် ဘရက်ကတ်နဲ့ ရင်းနှီးတဲ့တင်းနစ်က အားကစားသမားတွေကို ရွေးချယ်ထားပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ ဒေသခံနည်းပြတွေနဲ့ နှစ်လကျော် လေ့ကျင့်ထားတဲ့ အားကစားသမားလေးဦးနဲ့ ယှဉ်ပြိုင်သွားဖို့ ရှိပါတယ်။

ဆီးဂိမ်းပြိုင်ပွဲမှာ အတွေ့အကြုံကောင်းတွေရှိနေတဲ့ စင်ကာပူနဲ့မလေးရှားကိုတော့ ပြင်းပြင်းထန်ထန် ယှဉ်ပြိုင်ရမှာ အသေအချာပါ။ နောင်နှစ် ကိုရီးယားမှာ ကျင်းပမယ့် အိုလံပစ်အကြိုပြိုင်ပွဲမှာလည်း မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားတွေ စေလွှတ်ပြီး L.A အိုလံပစ်မှာလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားပါ့မယ်။ ဒီအားကစားနည်းဟာ နည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်သလို ထောက်ပံ့မှုတွေလည်း လိုအပ်ပါတယ်။ အားကစားနည်းအသစ်ဖြစ်တဲ့အပြင် ပထမဆုံးသွားရောက် ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် ဆုတစ်ခုခု ရအောင် အစွမ်းကုန်ကြိုးစားသွားဖို့ ပြင်ဆင်ထားကြပါတယ်။ အားပေးကြဖို့လည်း ပန်ကြားလိုပါတယ်။

အင်တာဗျူး - သစ္စာ(MNA)

ဓာတ်ပုံ - ဇွဲမာန်

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မြို့တော်ဆေးရုံ၌ ဒီဇင်ဘာ ၁၂ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့တော်ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးနှင့် ဆေးရုံဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြစဉ်။ မြို့နယ်(ပြန်ဆက်)

ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနယ်လဆင်လှမြိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများ ဒီဇင်ဘာ ၁၂ ရက်က သိရိမင်္ဂလာဈေးအတွင်း လျှပ်စစ်မီးသုံးစွဲမှု၊ ကုန်ပစ္စည်းများ စနစ်တကျထားသိုမှု၊ အရေးပေါ်မီးသတ်ရေတုတ်မှ ရေရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးလုံခြုံရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးပြီး လက်တွေ့ မီးငြိမ်းနည်းသရုပ်ပြစဉ်။ မေစု(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတော်မဲရုံပတ်ဝန်းကျင် အမှိုက်စုတောင်ရပ်ကွက်၌ ဒီဇင်ဘာ ၁၂ ရက်က အမရပူရမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးတစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်စဉ်။ ဇော်ဘို

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဗျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဗျာပုံမြို့နယ်ရှိ ရွှေစင်လမင်းဆီဆိုင်ဝင်းအတွင်း၌ အခြေပြု၍ အဆိုပါ မြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၇၅ ဦး၊ ခွဲစိတ်ရောဂါ ၁၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၈ ဦး၊ အရိုးရောဂါ ၁၁၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၁ ဦး၊ မျက်စိရောဂါ ၉၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၇ ဦး စုစုပေါင်းဒေသခံပြည်သူ ၄၈၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ မျက်စိခွဲစိတ် လူနာ နှစ်ဦး၊ သွားနုတ်/သွားဖာလူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ ဝမ်းသာမှုကိုလည်း တွေ့ရှိခဲ့သည်။

သတင်းစဉ်

❐ *ကျောဖုံးမှ*

ယာယီထိန်းချုပ်ခဲ့သဖြင့် နိုင်ငံတော်အစိုးရမှ တရားဝင်ခန့်အပ်ထားရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများအနေဖြင့် တိုက်ပွဲအတွင်းပိတ်မိမှုမရှိစေရေး၊ ဘေးလွတ်ရာသို့ ကြိုတင်တိမ်းရှောင်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရမှ တရားဝင်ပိတ်သိမ်းထားသည့် ဆေးရုံဖြစ်ပြီး အဆိုပါ နေရာအား AA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ခိုအောင်းအခြေပြုပြီး ဆေးရုံ၏အသွင် အပြင်အဖြစ် အကာအကွယ်ယူ၍ဖွင့်လှစ်ထားသည့် စစ်စခန်းတစ်ခုအဖြစ် အခြေပြုအသုံးပြုနေသည့် အဆောက်အအုံများသာဖြစ်ကြောင်း ခိုင်လုံသော အမာခံသတင်းအရ သိရှိရသည်။

AAနှင့် ဒေသခံ PDF၊ BPLA၊ အရှိချင်း စသည့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ အနေဖြင့် အဆိုပါနေရာအား ဆေးရုံ၏အသွင်အပြင်အဖြစ် အခြေပြုထားသောစစ်စခန်းအဖြစ် အသုံးပြုနေသည့်အပြင် ၎င်းတို့အဖွဲ့များ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအားလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်စခန်းအဖြစ် အခြေပြုနေသောနေရာအတွင်း လိုအပ်သောအုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန် ဒေသခံ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ယုံကြည်စိတ်ချရသော မိသားစုဝင်များကို တာဝန်ပေးစေခိုင်းလျက်ရှိကြောင်းကို ဒေသခံရခိုင်တိုင်းရင်းသားများ၏ သတင်းပေးပို့မှုအရလည်း သိရသည်။

ထိုသို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လက်ခံနိုင်ခြင်း မရှိကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ တိကျသည့် သတင်းပေးပို့မှုကြောင့် တပ်မတော်က လိုအပ်သည့်စီစစ်မှုများ ဆောင်ရွက်ကာ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများမှ ၎င်းတို့အခြေပြုထားသော စစ်စခန်းအဖြစ်အသုံးပြုသည့် အဆိုပါ အဆောက်အအုံများကို ဒီဇင်ဘာ ၁၀ ရက်နေ့တွင် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter Terrorism Operation) ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ ၎င်း အကြမ်းဖက်သောင်းကျန်းသူများ ရေးသားဖြန့်ဝေထားသည့် ဓာတ်ပုံအထောက်အထားများအရ ၎င်းတို့အဖွဲ့မှ ဒဏ်ရာရရှိသူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှု၊ သေဆုံးသူများအတွက် ဝမ်းနည်းကြောင်း ရေးသားဖော်ပြမှုများကို တွေ့ရှိရပြီး အထက်ပါဖြစ်စဉ်တွင် သေဆုံး၊ ဒဏ်ရာရရှိသူများမှာ ပြည်သူများမဟုတ်ဘဲ AA၊ BPLA၊ ဒေသခံ PDF၊ အရှိချင်း စသည့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်စခန်းအဖြစ် အခြေပြုနေသောနေရာအတွင်း လိုအပ်သော အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ဒေသခံ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ယုံကြည်စိတ်ချရသော မိသားစုဝင်များကို တာဝန်ပေးထားသူများအပြင် ၎င်းတို့ကို ထောက်ခံအားပေးသည့် အမာခံများသာဖြစ်သည်ဟု သိရှိရကြောင်းနှင့် တပ်မတော်အနေဖြင့် လိုအပ်သည့်အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးကို (Rules of Engagement-ROE)နှင့်အညီ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့

လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ AA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့အဖွဲ့မှ သေဆုံးသူများအတွက် ဝမ်းနည်းကြောင်းရေးသားဖော်ပြမှုအထောက်အထား (သေဆုံးရာတွင်ပါဝင်သည့် ၎င်းတို့၏အဖွဲ့ဝင်များအား ပိုင်းပြထားကြောင်း တွေ့ရှိရ)

မြောက်ဦးဖြစ်စဉ်နှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေထားရှိမှု။

မြောက်ဦးဆေးရုံ ခုံးကြွေခြင်းသည် စစ်ကောင်စီ၏ ပြင်းထန်သော စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ် ကြောင်း AA ပြော

DMG ၊ ဒီဇင်ဘာ ၁၁

၁။ ရခိုင်ပြည်ဒေသခံများ ဆေးကုသနေသည့် မြောက်ဦးပြည်သူ့ဆေးရုံအား စစ်ကောင်စီက ခုံးကြွေတိုက်ခိုက်ခြင်းသည် အဆိုးဝါးဆုံး၊ အပြင်းထန်ဆုံးသော စစ်ရာဇဝတ်မှုကြီးဖြစ်ကြောင်း အာရက္ခ တပ်တော်က ယနေ့ ထုတ်ပြန်လိုက်သည်။

၂။ ဖြစ်စဉ်အတွင်း ဆေးရုံတက်ရောက်ကုသနေသည့် လူနာများ၊ လူနာစောင့်များနှင့် စေတနာဝန်ထမ်းလူငယ်များ ကလေးသူငယ်များအပါအဝင် ဒေသခံ ၃၃ ဦးမွဲချင်းပြီးသေဆုံးပြီး ၇၆ ဦး ဒဏ်ရာရရှိသွားခဲ့သည်။

၃။ မြောက်ဦးဆေးရုံကြီးအား အပြည်ပြည် ဆိုင်ရာလူ့အခွင့်အရေးနေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၀ ရက် ည ၉ နာရီကျော်က ပေါင် ၅၀၀ ခုံးနှစ်လုံးဖြင့် ကြဲချတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၄။ ယင်းသို့ အများပြည်သူပိုင် ဆေးရုံဆေးခန်းများတွင် ဆေးကုနေသည့် အပြစ်မဲ့အရပ်သား ပြည်သူများအပေါ် ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ တရားမျှတမှုရရှိရေးအတွက် ပြစ်မှုကျူးလွန်သူ၊ စေခိုင်းသူတို့အား ပြင်းထန်စွာလက်တုံ့ပြန်သွားမည်ဟု AA ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

၅။ ယင်းအပြင် အပြစ်မဲ့အရပ်သားပြည်သူများအပေါ် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်နေသူ စစ်ကောင်စီအား နိုင်ငံတကာအနေဖြင့် လက်ပိုက်ကြည့်မနေတဲ့ ပိုင်းဝန်းထိန်းကျောင်းပေးရန် အားကိုးစွာ အကူအညီတောင်းခံကြောင်း AA က ဆိုသည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ AA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့အဖွဲ့မှ သေဆုံးသူများအတွက် ဝမ်းနည်းကြောင်းရေးသားဖော်ပြမှုအထောက်အထား (သေဆုံးရာတွင်ပါဝင်သည့် ၎င်းတို့၏အဖွဲ့ဝင်များအား ပိုင်းပြထားကြောင်း တွေ့ရှိရ)

လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ AA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့အဖွဲ့မှ ဒဏ်ရာရရှိသူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှုအထောက်အထား (အကြမ်းဖက်ယူနီဖောင်းများ၊ ဖိနပ်များ၊ အသုံးအဆောင်ပစ္စည်းများ ဝတ်ဆင်ထားမှုအား တွေ့ရှိရ)

ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ K K Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲ၊ ဖျက်ဆီး၊ ဖြိုချထားမှု မှတ်တမ်းဓာတ်ပုံ။

မြဝတီမြို့၊ အမှတ် (၅) ရပ်ကွက်အတွင်း၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဖမ်းဆီးရမိသည့်နေရာပြပုံ။

KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၇ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၂

